# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလကွယ် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပဋိပက္ခများသည် မြေအရင်းအမြစ်များကို အသုံးချမှုနှင့်ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ်ဖွံ့ဖြိုးလာရန် အရေးကြီး**

စာမျက်နှာ - ၁၆

## လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် မန္တလေး-နေပြည်တော်-မန္တလေးခရီးစဉ် ချိတ်ဆက်ပြေးဆွဲမည်




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်-နေပြည်တော်ခရီးစဉ် အမှတ်(၇) အဆန်ရထားနှင့် နေပြည်တော်-ရန်ကုန်ခရီးစဉ် အမှတ်(၈) အစုန်လူစီးရထားများကို ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေအေးပေးစက်ပါရှိသော ခေတ်မီDEMU ရထားတွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ မန္တလေး-နေပြည်တော်ခရီးစဉ် အမှတ်(၂၈) အစုန်နှင့် နေပြည်တော်-မန္တလေးခရီးစဉ်

စာမျက်နှာ ၁၇ ကော်လံ ၁

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်(မူလယ်၊ ထက်) ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၁၆

**ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ - ၁၅

**တိုင်းပြည်စွမ်းအား တောင်သူလယ်သမားများ ဆောင်းပါး**

စာမျက်နှာ - ၂၈





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့** ၊ **ဆင်နှစ်ကောင်** ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန- ဖုန်း- ၀၉ ၄၄၉၂၅၂၃၂၇၊ အရောင်းကိုယ်စားလှယ်-ဖုန်း- ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန- ဖုန်း- ၀၉ ၇၇၇၀၀၄၇၄၀၊ အရောင်းကိုယ်စားလှယ်-ဖုန်း- ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏အား နိုင်ငံ့သားကောင်းလူငယ်များ

နိုင်ငံ့အနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းမြစ်များသည် နိုင်ငံတွင်းရှိ လူငယ်များသာဖြစ်သည်။ လူငယ်များတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပြည့်ဝနေရန် အရေးကြီးသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအခြေခံကာ မိမိနိုင်ငံနှင့် မိမိလူမျိုးကိုကာကွယ်နိုင်ရန်အတွက် စစ်ပညာများ၊ ကာကွယ်ရေးပညာရပ်များ သင်ယူထားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအခြေအနေအရ အချက်အချာကျပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများရှိနေသည်။ ထိုအခွင့်အလမ်းကောင်းများနှင့်အတူ ကပ်ပါလာမည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးရှိရန်မှာ အသက်တမျှအရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတကာက လေးစားခံ့ညားသော ကာကွယ်ရေးအင်အားရှိရန်အတွက် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အတည်ပြုကျင့်သုံးလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ အတည်ပြုရေးဆွဲထားသည့်ဥပဒေဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဆိုပါဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၀) ထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်း စိတ်၊ ရဲဘော်ရဲဘက်စိတ်၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဖြစ်ရာ မိမိနိုင်ငံ၏ ကာကွယ်ရေးအင်အားနှင့် မိမိတို့ပြည်သူလူထု၏ ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာအသိစွမ်းရည်များကို ပြသနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပေသည်။ ယခုအခါ ပြည်တွင်း၊ ပြည်ပရန်ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ စနစ်တကျစစ်ပညာသင်ယူခွင့်ရခြင်းသည် နိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော စစ်ရေး၊ နိုင်ငံရေးအခြေအနေများကို ခေတ်ရေစီးကြောင်းနှင့်အညီ တုံ့ပြန်နိုင်စွမ်းရှိသော ကာကွယ်ရေးစနစ်ကောင်းများလိုအပ်လာပြီဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မြန်မာ့အရေး၊ ကမ္ဘာ့အရေးများကို မှန်ကန်သောရှုထောင့်မှ မျက်ခြည်မပြတ်လေ့လာရင်း နိုင်ငံသားကောင်းတစ်ဦးအဖြစ် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတွင် ဂုဏ်ယူကျေနပ်စွာပါဝင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# ပုဂံမြို့၌ ရိုးရာပန်းချီအနုပညာဆိုင်ရာစာတမ်းဖတ်ပွဲနှင့် ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ရှိ Royal Palace Hotel ကျန်စစ်သားခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက "မဲခေါင်-လန်ချန်းယဉ်ကျေးမှုအစီအစဉ်(၂၀၂၄)- မြန်မာနိုင်ငံ" ရိုးရာပန်းချီ အနုပညာဆိုင်ရာစာတမ်းဖတ်ပွဲနှင့် ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် "မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ်(၂၀၂၄)-မြန်မာနိုင်ငံ"အစီအစဉ်သို့ ရောက်ရှိပြီး လာအိုနိုင်ငံNational Institute of Fine Artsမှ Mr. Phouthone Vithainorath နှင့် ထိုင်းနိုင်ငံ Chiang Mai University(Faculty of Fine Arts) မှ Leaturer (Ph.D)တို့က ရိုးရာပန်းချီအနုပညာဆိုင်ရာစာတမ်းဖတ်ကြားနေမှုကို တက်ရောက်အားပေးခဲ့သည်။

အဆိုပါအစီအစဉ်ကို မဲခေါင်အဖွဲ့ဝင်နိုင်ငံများမှ ပန်းချီပညာရှင်များက ပုဂံယဉ်ကျေးမှုနယ်မြေ၌ လက်တွေ့ကွင်းဆင်း ပန်းချီများဖန်တီးခြင်း၊ ရိုးရာပန်းချီအနုပညာဆိုင်ရာစာတမ်း ဖတ်ကြားခြင်း၊ ပန်းချီအနုပညာပြပွဲခင်းကျင်းပြသခြင်း၊ ယဉ်ကျေးမှုလေ့လာရေးခရီးစဉ်သွားရောက်ခြင်း လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေစည်းခုံစေတီတော်သို့ရောက်ရှိပြီး စေတီတော်အား ဖူးမြော်၍ ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်(Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေး ကော်မတီများဖွဲ့စည်းပြီး ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သမိုင်းတန်ဖိုး၊ ရှေးဟောင်းတန်ဖိုး၊ အနုပညာလက်ရာ တန်ဖိုးများ မပျောက်ပျက်သွားရန် စနစ်တကျပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)ညွှန်ကြားရေးမှူးက ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ်(Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ဝမ်းတွင်းမြို့နယ် ဒါးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၂၅**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဒါးလှကျေးရွာအုပ်စု ပေါက်ကန်ကျေးရွာနှင့် ဒါးလှကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ဒါးလှကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၁ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာပြီး လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ ဒုတိယပတ်ကစပြီး သိသိသာသာ အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခု အဝယ်လိုက်နေတဲ့အပြင် ဈေးလဲအနည်းငယ်ကောင်းလာပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ မထွက်သေးပါဘူး"ဟု ဟသ်ာတမြို့နယ်မှလယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှလယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန် စသည့်ဒေသထွက်ကုန်များကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သုံးခွမြို့နယ် မဟာမိတ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**သုံးခွ ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာမိတ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများကအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက မဟာမိတ်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၁၁၀ ထုတ်ချေးပေးခဲ့ကြောင်း သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းထံမှ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၅၅ လမ်း၊ ၁၂၅-၁၃၀ လမ်းကြားနေ ဦးအေးကို-ဒေါ်သိန်းသိန်း၊ ဒေါ်နုနုဝါ၊ ဒေါ်ခင်မျိုးနွယ် တို့အားအမှူးထား၍ Aung Zanbu Soe အိမ်သုတ်ဆေးဆိုင်မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၅၆၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၈၅၆၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၅၆၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၁ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲ ၁၉၂၉၂ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိနုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်တွင် မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ညောင်တုန်းမြို့နယ်ကနေ မုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥဖြူတွေ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက စတင် အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ အခု မုန်လာဥဖြူဈေးကလဲ အနည်းငယ် ကောင်းလာပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူမှုအား ကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေကိုပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူစရိတ်သက်သာပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါမုန်လာဥဖြူများ အရောင်းအဝယ် ကောင်းနေသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း ညောင်တုန်းမြို့နယ်မှ ဟင်းသီးဟင်းရွက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကန်စွန်းအိုကျောင်းကျောက်စာနှင့် ဆုတောင်းစာကဗျာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံနယ်မြေအတွင်းရှိ ဖွားစောရွာတောင်ဘက်တွင်တည်ရှိသည့် ကန်စွန်းအိုကျောင်းမှရရှိခဲ့သော ကျောက်စာသည် ကန်စွန်းအိုကျောင်းကျောက်စာဟု ထင်ရှားသကဲ့သို့ ကျောက်စာရေးထိုးခဲ့သည့် လင်မယားကိုအစွဲပြုလျက် စိုးမင်းကြာသဝတ်ကျောက်စာဟုလည်းခေါ်ဆိုကြသည်။ ထို့ကြောင့် ဦးငြိမ်းမောင်ပြုစုသည့် ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် စိုးမင်းကြာသဝတ်လင်မယားကျောက်စာဟု ဖော်ပြထားသည်။ ထိုကျောက်စာ၏ ထူးခြားချက်သည် ကျောက်စာပါ ဆုတောင်းစာကို ကာရန်များဖြင့်ချိတ်ဆက်ရေးထိုးထားခြင်းဖြစ်ပေသည်။

ယခုအခါတွင် ကန်စွန်းအိုကျောင်းကျောက်စာကို မန္တလေးနန်းတွင်းကျောက်စာရုံတွင် ကျောက်စာအမှတ် (၁၀၀) အဖြစ် ရှေ့မျက်နှာကို (၁၀၀/က)၊ ကျောဘက်မျက်နှာကို (၁၀၀ /ခ) ဟု မှတ်ပုံတင်ကာ ထိန်းသိမ်းထားသည်။

**ပုဂံသမိုင်းထဲက ဖွားစောရွာ**

ဖွားစောရွာသည် ပုဂံမြို့ဟောင်း၏ တောင်ဘက်ပိုင်းတွင်တည်ရှိ၍ ယခုအခါတွင် အရှေ့ဖွားစောရွာနှင့် အနောက်ဖွားစောရွာဟု ရွာနှစ်ရွာဖြစ်နေသည်။ အနောက်ဖွားစောရွာ၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်၌ ရှေးဟောင်းအဆောက်အအုံများ အများအပြားတည်ရှိနေသည်။ အရှေ့ဖွားစောရွာ၏ တောင်ဘက်တွင်မူ ရှေးဟောင်းအဆောက်အအုံ အနည်းငယ်သာရှိသည်။

ဖွားစောရွာများသို့ ဓမ္မရံကြီးဘုရား၏ အရှေ့ဘက်လမ်း၊ ပြာသာဒ်ကြီးဘုရား၏ အနောက်ဘက်လမ်းနှင့် မင်းနန်းသူရွာ အနောက်လမ်းတို့မှ အများဆုံးသွားရောက်ကြသည်။

ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစုကာလတွင် ထင်ရှားခဲ့သည့် မိဖုရားဖွားစောကို အစွဲပြုကာ ဖွားစောရွာဟုအမည်တွင်ခဲ့သော်လည်း မူလထင်ရှားခဲ့သည့်အမည်မှာ သစ်မတီ(သစ်မထီး) အရပ်ဖြစ်သည်။ သစ်မတီမတိုင်မီက ထိုနေရာသည် ရွာစိုက်ဟုအမည်ရှိခဲ့ကာ မူလပုဂံ ၁၉ ရွာတွင် ပါဝင်ခဲ့သည်။ သို့သော် ပုဂံကျောက်စာများတွင် ရွာစိုက်အမည်ကို မတွေ့ရဘဲ သစ်မတီနှင့် ဖွားစောအမည်ကိုသာ တွေ့ရှိရသည်။ သစ်မထီးအရပ်သည် ယခုအနောက်ဖွားစောရွာ အနောက်ဘက်နှင့်အနောက်တောင်ဘက်တစ်ဝိုက်ဖြစ်သည်။

လက်ရှိ ဖွားစောရွာအတွင်းရှိ ဆုတောင်းပြည့်ဘုရားနှင့်ပတ်ဝန်းကျင်သည် မိဖုရားဖွားစောနှင့် ဆက်စပ်နေသည့် အဆောက်အအုံများရှိလာချိန်တွင် သစ်မတီအမည်မှ ဖွားစောရွာအမည်သို့ ပြောင်းလဲလာခဲ့ဟန်ရှိကာ ဆုတောင်းပြည့်ဘုရားပွဲကို ဖွားစောရွာဘုရားပွဲအဖြစ် ကျင်းပလေ့ရှိသည်။

ကန်စွန်းအိုကျောင်းသည် အရှေ့ဖွားစောရွာ၏ တောင်ဘက်တွင်တည်ရှိ၍ ပုဂံစေတီပုထိုးအမှတ် (၇၇၈)ဖြစ်ကာ ပုဂံစေတီပုထိုးများမှတ်ပုံတင်စာရင်းတွင် ကန်စွန်းအိုဘုရားလှုဟု မှတ်တမ်းတင်ထားသည်။ ကန်စွန်းအိုဘုရားလှုသည် ၁၃ ရာစု လက်ရာဖြစ်၍ စတုရန်းပုံပန္နက်ပေါ်တွင် တည်ထားသည့် တစ်ထပ်လိုဏ်ဘုရားဖြစ်သည်။ ဘုရားလိုဏ်သို့ ဝင်ရန် အရှေ့ဘက်မျက်နှာစာတွင် လှေကားတစ်စင်းရှိသည်။ ဘုရားကို ၁၈ ရာစုတွင်ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည်ဟု Inventory of Monuments at Pagan တွင် ဖော်ပြထားသည်။

**ကန်စွန်းအိုကျောင်းကျောက်စာ**

ကန်စွန်းအိုကျောင်းကျောက်စာသည် စိုးမင်းကြာသဝတ်ဇနီးမောင်နှံက မိမိတို့ပြုလုပ်သည့် အလှူကို ရေးထိုးထားသည့်မှတ်တမ်းစာဖြစ်သည်။ ပုဂံသမိုင်းတွင် အလှူရှင် စိုးမင်းကြာသဝတ်လင်မယားသည် မည်သူတို့ဖြစ်ကြောင်း ထင်ရှားခြင်းမရှိချေ။ သို့သော် ကျောက်စာရေးထိုးခဲ့သည့် သက္ကရာဇ် ၆၂၄ ခုသည် နရသီဟပတေ့မင်းလက်ထက် (၁၂၅၆-၁၂၈၇) ဖြစ်သဖြင့် စိုးမင်းကြာသဝတ်လင်မယားသည် ထိုမင်းလက်ထက်က သူကြွယ်လင်မယားဖြစ်နိုင်ကြောင်းသာ ယူဆရဖွယ်ရှိခဲ့သည်။

ကန်စွန်းအိုကျောင်းကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ ရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၃၀ နှင့် နောက်ဘက်မျက်နှာတွင် စာကြောင်းရေ ၁၁ ကြောင်းပါရှိသည်။ ကျောက်စာ



ကန်စွန်းအိုကျောင်းကျောက်စာကိုထိန်းသိမ်းထားသည့် မန္တလေးနန်းတွင်းကျောက်စာရုံကိုတွေ့ရစဉ်။

ရှေ့ဘက်မျက်နှာတွင် အလှူမှတ်တမ်းများကို ရေးထိုးထား၍ ကျောဘက်မျက်နှာတွင် ဆုတောင်းစာနှင့်ကျိန်စာကို ရေးထိုးထားသည်။ ကျောက်စာရေးထိုးသည့်နှစ်ကို သက္ကရာဇ် ၆၂၄ ခု၊ တပေါင်းလဆန်း ၃ ရက်၊ သောကြာနေ့ဟု ကျောက်စာတွင် ဖတ်ရှုရသည်။ မြန်မာ့ရက်စဉ်သမိုင်းစာအုပ်၊ ပထမတွဲတွင် ထိုရက်ကို ခရစ်နှစ် ၁၂၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်ဟု ဖော်ပြထားသည်။

ကန်စွန်းအိုကျောင်းကျောက်စာကို ရေးကူးခဲ့သူ ဦးငြိမ်းမောင်က မြန်မာတိုင်းရင်းကျောက်စာများစာအုပ်၊ ဒုတိယတွဲကိုရည်ညွှန်းလျက် ဤကျောက်စာချပ်အထက်၌ "ပုဂံ ကစွန်အိုကျော်"ဟု လက်ရေးဝိုင်းဖြင့် ရေးထားသည့်စာရှိကြောင်း ရှေးဟောင်းမြန်မာကျောက်စာများစာအုပ် တတိယတွဲတွင် စိုးမင်းကြာသဝတ်ကျောက်စာအောက်ခြေမှတ်စု၌ ဖော်ပြခဲ့သည်။ ထို့ကြောင့် ၎င်းကျောက်စာကို ကန်စွန်းအိုကျောင်းကျောက်စာဟု အသုံးများခဲ့သည်။

ကျောက်စာကျောဘက်မျက်နှာတွင် ရေးထိုးထားသည့်စာများသည် အခြားသောပုဂံကျောက်စာအရေးအသားများနှင့်မတူဘဲ ကဗျာတစ်ပုဒ်သီကုံးထားသည့်နှယ် ကာရန်များချိတ်ဆက်နေခြင်းသည် ထိုကျောက်စာကို စိတ်ဝင်စားဖွယ်ဖြစ်စေခဲ့သည်။ အထူးသဖြင့် မြန်မာစာပေပညာရှင်များက ထိုကျောက်စာအရေးအသား၊ အဖွဲ့အနွဲ့ကို အာရုံစိုက်ခဲ့ကြကာ အမေရိကန်ပြည်ထောင်စု၊ မြောက်အီလီနွိုင်းတက္ကသိုလ်မှ မြန်မာစာပါမောက္ခ ဆရာစောလူက ထိုကျောက်စာကို ပုဂံခေတ်ကျောက်စာကဗျာတစ်ပုဒ်ဟု သူ၏ ပခုက္ကူဦးအုံးဖေစာပေဆုရ ပုဂံခေတ်မြန်မာစာအုပ်တွင် ရေးသားဖော်ညွှန်းခဲ့သည်။

**ကျောက်စာပါ အလှူမှတ်တမ်း**

ကျောက်စာရှေ့မျက်နှာတွင် ရေးထိုးထားသည့် စာသားများအရ အလှူရှင် စိုးမင်းကြာသဝတ်လင်မယားသည် မီးတားတံတိုင်းလေးမျက်နှာ၊ ဂူတစ်လုံး၊ စုလစ်မွမ်ခေါင်းကျောင်းကြီးတစ်ခု၊ ကုလားကျောင်းတစ်ခု၊ စာသင်တိုက် ရှစ်တိုက်၊ စရဖုက်တစ်ခု၊ သိမ်တစ်ခု၊ ပိဋကသုံးပုံနှင့် တရားပလ္လင်တစ်ခုတို့ကို လှူဒါန်းခဲ့သည်။ စုလစ်မွမ်ခေါင်းကျောင်းသည် စုလစ်မွမ်းချွန်များဖြင့် တန်ဆာဆင်ထားသည့်ကျောင်းဖြစ်၍ စရဖုက်သည် ဆွမ်းစားကျောင်းအဆောက်အအုံဟု ယူဆရသည်။

အလှူရှင်လင်မယားသည် သာသနာနှစ် ၅၀၀၀ အရှည်တည်တံ့စေရန်နှင့် ဘုရားကြီးအားပူဇော်ရန် ရည်ရွယ်လျက် မိမိတို့တည်ဆောက်လှူဒါန်းသည့်ကျောင်းနှင့် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို လယ်မြေနှင့်ကျွန်များလှူဒါန်းကာ အလှူစာရင်းကို ကျောက်စာတွင် ရေးထိုးဖော်ပြခဲ့သည်။ ထိုမျှလှူဒါန်းသောလယ်မြေများကို ထေရသခင်က တစ်ဆာ၊ သံဃာတို့က လေးဆရစေသတည်းဟု သတ်မှတ်ခဲ့သည်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို လှူသောလယ်သည် ၆၂၅ ပယ်ဖြစ်၍ ရတနာသုံးပါးကို ပစ္စည်းလေးပါးအထောက်အပံ့ဖြစ်စိမ့်သောငှာ ကျောင်းအား ငွေ ၁၀၀၀ နှင့် ရွှေ ၁၀၀ လှူကြောင်းကိုလည်း ရေးထိုးထားသည်။

ကျောက်စာကျောဘက်မျက်နှာတွင် ဆုတောင်းစာများကိုမရေးထိုးမီ အလှူသို့ သံဃာများကြွလာမှုကို ဖော်ပြထားသည်။ ငစွယ်သင်ကျောင်းတွင် သခင်သံဃာများ၊ စည်သဝတ်ကျောင်းတွင် စာသင်သံဃာများက အလှူကိုသိရှိကြောင်း သက်သေထူခြင်းဖြစ်သည်။

**ကဗျာဟန် ကာရန်အရေးအသားများ**

ကန်စွန်းအိုကျောင်းကျောက်စာ ကျောဘက်မျက်နှာတွင် စာကြောင်းရေ ၁၁ ကြောင်းသာပါရှိသော်လည်း ရေးထိုးထားသည့်စာသားများသည် အသံသာယာ၍ ကာရန်အချိတ်အဆက်မိနေသဖြင့် အလွန်စိတ်ဝင်စားဖွယ်ကောင်းလျက်ရှိသည်။ အထူးသဖြင့် ပုဂံခေတ် ကဗျာဟန်စာပေအရေးအသားကို စိတ်ဝင်စားသူများက ထိုကျောက်စာကို အထူးအာရုံစိုက်ကာ လေ့လာခဲ့ကြသည်။

ကျောက်စာ စာကြောင်းရေ (၁)နှင့် (၂) ကို "ငစွယ်သင်ကျောင်းတွင် သခင်သံဃာ အရာခပင်၊ စည်သဝတ်ကျောင်းတွင် စာသင်သံဃာ အရာခပင်၊ ဤမျှသသူ လူသံဃာတို့ ကြာပါသတေ"ဟု ရေးထိုးထားရာ ဆရာစောလူက ထိုစာသားများကို သုံးပါဒတစ်စုစီခွဲ၍ ကဗျာတစ်ပုဒ်ကဲ့သို့ ကာရန်ချိတ်ဆက်နေမှုကိုရှင်းပြခဲ့သည်။ ပထမသုံးပါဒဖြစ်သည့် "ငစွယ်သင်ကျောင်းတွင် သခင်သံဃာ အရာခပင်" ၌ တွင် နှင့် ခင်၊ ဃာနှင့် ရာတို့က ကာရန်ချိတ်ဆက်နေပြီး အင်ကာရန်ကိုယူကာ ခပင်ဟုအဆုံးချထားသည်။

ဒုတိယသုံးပါဒဖြစ်သည့် "စည်သဝတ်ကျောင်းတွင် စာသင်သံဃာ အရာခပင်"၌လည်း တွင် နှင့် သင်၊ ဃာနှင့် ရာတို့ကို ကာရန်ချိတ်ဆက်ထားကာ ခပင်ဟု အဆုံးသတ်ထားသဖြင့် ပထမသုံးပါဒအဆုံးနှင့် ဒုတိယ သုံးပါဒအဆုံးသည် ကာရန်ချိတ်ဆက်လျက်ရှိသည်။

တတိယသုံးပါဒဖြစ်သည့် "ဤမျှသသူ လူသံဃာတို့ ကြာပါသတေ"တွင်လည်း သူ နှင့် လူ၊ ဃာ နှင့် ပါတို့ ကာရန်ချိတ်ဆက်နေကာ ဝါကျစုများသည် ကာရန်ပျက်နေခြင်းမရှိကြောင်း သတိမူနိုင်ပေသည်။

ဆုတောင်းစာကို ဤငါပြုသောကောင်းမှုအကျိုးဖြင့်ကားဟု အစချီ၍ "လူရွာနတ်ရွာ သံသရာအရှည်ကျင်လည်ရရာ လူ့ရွာဖြစ်လည်း လူထက်အမြတ်မန္ဓာတ်မင်း၏ စည်းစိမ်သို့သော စည်းစိမ်ကိုလျှင်လိုချင်သတည်း။ နတ်ရွာဖြစ်လည်း နတ်ရွာတို့ထက်သာယာစွာဟု ဘုရားလောင်းတကာ ဖြစ်ရာအမှတ်မြတ်သောနတ်ရွာ တုသိတာလျှင် ဖြစ်ချင်သတည်း။ လူ့ရွာနတ်ရွာ စည်းစိမ်ချမ်းသာခံပြီးသောခါ ဘုရားမြတ်စွာမေတ္တေယျာလက်ထက် အမိုက်အမျက်ရမ္မက်အန်သော အရဟန္တာဖြစ်၍ နှစ်ဆစ်မပြန်နိဗ္ဗာန်မည်သော မသေပြည်လျှင် ဝင်ရလိုသတည်း"ဟုရေးထိုးထားရာ စာသားအချို့က ကာရန်ချိတ်ဆက်နေသည်။

စတုတ္ထပါဒဖြစ်သည့် "လူ့ရွာနတ်ရွာ သံသရာအရှည် ကျင်လည်ရရာ" တွင် ရွာ နှင့် ရာ၊ ရှည် နှင့် လည်တို့ကို ကာရန်ချိတ်ထားပြီး ပဉ္စမပါဒဖြစ်သည့်" လူ့ရွာဖြစ်လည်း လူထက်အမြတ် မန္ဓာတ်မင်း၏"တွင် မြတ်နှင့် ဓာတ်သာ ကာရန်မိသည်။ ဆဋ္ဌမပါဒဖြစ်သည့် "စည်းစိမ်သို့သော စည်းစိမ်ကိုလျှင် လိုချင်သတည်း"မှာမူ ကာရန်လွတ်နေသည်။ သတ္တမပါဒဖြစ်သည့် "နတ်ရွာဖြစ်လည်း နတ်ရွာတို့ထက် သာယာစွာဟု"တွင်လည်း ကာရန်ချိတ်ဆက်မှုမရှိပေ။

ကျန်သောပါဒများဖြစ်သည့် ဘုရားလောင်းတကာဖြစ်ရာအမှတ် မြတ်သောနတ်ရွာ တုသိတာလျှင် ဖြစ်ချင်သတည်း။ လူ့ရွာနတ်ရွာ စည်းစိမ်ချမ်းသာခံပြီးသောခါ ဘုရားမြတ်စွာ မေတ္တေယျာလက်ထက်အမိုက်အမျက် ရမ္မက်အန်သော အရဟန္တာဖြစ်၍ နှစ်ဆစ်မပြန် နိဗ္ဗာန်မည်သော မသေပြည်လျှင် ဝင်ရလိုသတည်းတွင် ကာရန်များမိလိုက်၊ လွတ်လိုက်ဖြစ်နေသော်လည်း ပြေပြစ်မှုရှိကြောင်း ဖတ်ရှုကြည့်နိုင်ပေသည်။" လူ့ရွာနတ်ရွာ စည်းစိမ်ချမ်းသာခံပြီးသောခါ ဘုရားမြတ်စွာမေတ္တေယျာ"တွင် အာ ကာရန်ကို ရွာ၊ သာ၊ ခါ၊ စွာ၊ ယျာ ဟုဆင့်ကာဆင့်ကာ ယူထားပုံက အသံကိုသာစေပြီး ထူးခြားသောချိတ်ဆက်ထားမှု ဖြစ်နေသည်။

စိုးမင်းကြာသဝတ်လင်မယားသည် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူများ တောင်းဆုပြုလေ့ရှိကြသည့်အတိုင်း သံသရာခရီး၌ လူ၊ နတ်ဘဝ၌ ကျင်လည်ရသည့်အခါ လူဖြစ်လျှင် လူတကာထက် မြတ်သော မန္ဓာတ်မင်းစည်းစိမ်ကို ရရှိပါစေ၊ နတ်ဖြစ်လျှင် နတ်ဘုံများအနက် အသာယာဆုံးဖြစ်ပြီး ဘုရားအလောင်းတော်များ စံမြဲဖြစ်သည့် တုသိတာနတ်ဘုံတွင် ဖြစ်ရပါစေ၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်များကို ခံစားပြီးနောက် အရိမေတ္တယျဘုရားရှင်လက်ထက်တွင် အမိုက်အမျက်ဒေါသနှင့် အလိုရမက်အားလုံးကို ထွေးအန်ပြီးဖြစ်သည့် ရဟန္တာဖြစ်ကာ နိဗ္ဗာန်ဟူသည့် မသေပြည်သို့ ရောက်ရပါစေဟု ဆုတောင်းခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၄၆၂၉ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၄၆၂၉ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံလျာထား ၁၄၆၂၉ ဧကကို ၂၀၂၄ ခုနှစ်အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်စုံစုစုပေါင်း ၁၄၆၂၉ ဧကတွင် ပုသိမ်မြို့နယ်တွင် ၁၇၁၅ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ဧက ၂၄၁၀၊ သာပေါင်းမြို့နယ်တွင် ၄၅၇၉ ဧက၊ ငပုတောမြို့နယ်တွင် ၅၉၂၅ ဧကဖြစ်ကြောင်း သိရသည်။

"အခုဆောင်းသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၄၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ ဟင်းသီးဟင်းရွက်တွေကိုစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့အသီးအနှံတွေစိုက်ပျိုးနိုင်စေဖို့ကို ဦးစားပေးပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ချက်က တောင်သူတွေစိုက်ပျိုးမဲ့သီးနှံတွေမှာ ပိုးမွှားရောဂါကင်းရှင်းစေဖို့ အပါအဝင် အခြားနည်းပညာပေး လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ပို့ချဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဟင်းသီးဟင်းရွက်စုံလျာထားဧက ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါဟင်းသီးဟင်းရွက် ၁၄၆၂၉ ဧကတွင် ဂေါ်ဖီထုပ်၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်ဟင်းသီးဟင်းရွက်များကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပုသိမ်ခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## အလင်းပွင့်သစ် ရှက်ဖွင့်လှစ်ချိန်

\- မမြင်သင့်ရာ
မြင်ပါများတော့
ယိုးမှားဖွယ်တွေ ကြုံပြန်လေရဲ့။

\- မကြားသင့်ရာ
ကြားပါများတော့
ခါးသီးဖွယ်တွေ ဆုံပြန်လေရဲ့။

\- မမြင်မသင့် မကြားသင့်ရာ
ခွင့်ရေးနှင့်ယှဉ် လိုအင်ဆန္ဒ
မလှမျက်နှာ စိတ်ပျက်ရာတွေ
ရင်နာခံခက် အတွေးနက်စေ
မျက်ကွယ်ပြုလိုက်ချင်ပါ၏။

\- မာန်မာနဖုံး ဟန်အပြုံးတွေ
မိတ်ဖွဲ့နေကြ ယစ်မူးသမျှတော့
အလှလွင့်ပြယ်
မာယာခြယ်လှမ်း သစ္စာပန်းတွေ
နွမ်းခြောက်နေမှာ အသေချာ။

\- အမြင်အကြား
ရိုးသားမှုကင်း ဟန်ဆောင်ခြင်းတွေ
အခင်းမလှ အားပြိုင်ကြ၍
ဇောကြွနိုးထ ပစ္စက္ခဝယ်
လှပခြင်းများ ဆိတ်သုဉ်းသွားရင်း
ခါးသီးမှုအောက် လမ်းကြောင်းပျောက်အံ့
လမ်းကောက်ကိုဖြောင့် ဇောအမှောင့်ထဲ
ကြောင့်ကြမှုကင်း ရင့်ကျက်ခြင်းဖြင့်
အလင်းပွင့်သစ် ရှက်ဖွင့်လှစ်ချိန်
ကိုယ့်စစ်တမ်းကို ကိုယ်တိုင်ဖွေ
လမ်းထွင်မားမတ် လျှောက်နိုင်စေ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

➤ စာမျက်နှာ ၄ မှအဆက်

ဆုတောင်းစာကိုရေးထိုးပြီးနောက် "ဤသို့ငါတို့ပြုသောကောင်းမှုတို့ကို ငါ့သားငါ့မြေး၊ ငါ့တွေငါ့ဝါး သူတပါးလည်းကောင်း၊ အလုအယက်အဖျက်အဆီး မူရစ်သသူတို့ကား မြေကြီးအထဲ အောက်ငရဲလျှင် ဆင်းရဲကြီးစွာ ဝေဒနာကိုခံစေသတည်း"ဟု ကျိန်စာကို တိုတိုတောင်းတောင်း ရေးထိုးထားသည်။

ကျောက်စာနိဂုံးကို "အထောက်အပင့် စောင်မချင့်၍ အရေးအရံယူသသူကား ငါနှင့်အတူ လူနတ်စည်းစိမ်ခံစားပါ၍ အဆုံးစွန်ကား နိဗ္ဗာန်ချမ်းသာ ခံစားပါရစေကုန်သတည်း"ဟု ဆုတောင်းစာဖြင့် အဆုံးသတ်ထားပုံကို ဖတ်ရှုရသည်။

ကန်စွန်းအိုကျောင်း ကျောက်စာတစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက ကျောက်စာအရေးအသားသည် လင်္ကာစကားပြေရောနေသော်လည်း ကဗျာဟုဆိုနိုင်သည့် ပါဒစုများကို တွေ့ရှိနိုင်သည်။ ကျောက်စာပါ ကဗျာဟန်အရေးအသားနှင့် ကာရန်ချိတ်ဆက်ထားသည့်စနစ်ကို ပုဂံခေတ်မြန်မာစာ စာအုပ်တွင် အသေးစိတ်ရှင်းလင်းဖော်ပြထားသည်။

ကျောက်စာကို ရေးထိုးစဉ်က ကာရန်စည်းကမ်းစည်းမျဉ်းများရှိနေပြီဟု တိကျစွာမဆိုနိုင်သကဲ့သို့ ကာရန်ချိတ်ဆက်မှုကို သတိပြုကောင်းမှ ပြုလိမ့်မည်ဖြစ်သည်။ ကျောက်စာရေးထိုးသူသည် ကျောက်စာကို ကဗျာရသမြောက်ရန်ရည်ရွယ်ရေးထိုးခဲ့မည်ဟု အခိုင်အမာမပြောနိုင်သော်လည်း ဖတ်ရှုရာတွင် ကောင်းမွန်ချောမွေ့ရန် အလေးထားခဲ့ဟန်ရှိနိုင်ကြောင်း ယူဆနိုင်ဖွယ်ရှိပေသည်။

မည်သို့ပင်ဖြစ်စေ ပုဂံခေတ်နှောင်းပိုင်းကျောက်စာတစ်ချပ်ဖြစ်သည့် ကန်စွန်းအိုကျောင်းကျောက်စာ ခေါ် စိုးမင်းကြာသဝတ်လင်မယားကျောက်စာသည် ဆုတောင်းစာရေးဖွဲ့ပုံ ကဗျာဆန်ထူးခြားသည့် ကျောက်စာတစ်ချပ်အဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **မန္တလေးနန်းတွင်းကျောက်စာ အတွဲ(၂)**
- **ပုဂံခေတ်မြန်မာစာ(စောလူ)**
- **ပုဂံသုတေသနလမ်းညွှန်(ဦးဗိုလ်ကေ)**

# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိ

**တီဟီရန် ဖေဖော်ဝါရီ ၂၅**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် အီရန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် အီရန်နိုင်ငံ တီဟီရန်မြို့သို့ ယနေ့တွင် ရောက်ရှိလာကြောင်း သိရသည်။

တစ်ရက်ကြာမြင့်မည့် အီရန်ခရီးစဉ်အတွင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်သည် အီရန်ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဒေသတွင်း ပြဿနာများနှင့် နှစ်နိုင်ငံဆက်ဆံရေး ကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရက အီရန်ရေနံလုပ်ငန်းအပေါ်အရေးယူပိတ်ဆို့မှုစည်းမျဉ်းများချမှတ်ခဲ့ပြီး တစ်ရက်အကြာတွင် တီဟီရန်မြို့သို့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ရေနံလုပ်ငန်းသည် အီရန်နိုင်ငံအတွက် အဓိကနိုင်ငံခြားငွေအရင်းအမြစ်ဖြစ်သည်။

သို့သော်သမ္မတဒေါ်နယ်ထရန့် ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့သည် အီရန်၏ နျူကလီးယားအစီအစဉ်များကို တုံ့ပြန်သည့်အနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် အီရန်ရေနံလုပ်ငန်းအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းပဋိပက္ခ စတင်ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးနှင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုအားကောင်းလာခဲ့ရာ အနောက်အုပ်စုနိုင်ငံများက စိုးရိမ်တကြီးစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO




## ပါကစ္စတန် ဆန်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ စတင်ဝယ်ယူ

**ဒါကာ ဖေဖော်ဝါရီ ၂၅**

ပါကစ္စတန်နိုင်ငံ လက်အောက်လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၇၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် တိုက်ရိုက်ကုန်သွယ်မှုစတင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အရှေ့ပါကစ္စတန်အဖြစ် ယခင်က အများသိခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ကိုးလကြာလွတ်လပ်ရေးစစ်ပွဲဖြင့် ပါကစ္စတန်ထံမှ လွတ်လပ်ရေးရယူခဲ့ရာ ယင်းနောက်ပိုင်းကာလများတွင် နှစ်နိုင်ငံကြား တိုက်ရိုက်ကုန်သွယ်မှု မရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရလက်ထက်တွင် ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်ကြားဆက်ဆံရေးတိုးတက်လာပြီး တိုက်ရိုက်ကုန်သွယ်မှု စတင်ရန် သဘောတူညီချက်ရယူနိုင်ခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ ပါကစ္စတန်နိုင်ငံအနေဖြင့် ဆန်တန်ချိန်၅၀၀၀၀ကို ပို့ကာဆမ်ဆိပ်ကမ်းမှတစ်ဆင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ပို့ဆောင်ခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နှစ်နိုင်ငံတိုက်ရိုက်ကုန်သွယ်မှု အစီအစဉ်အရ ပါကစ္စတန်ဆန်များကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၉ ဒေါ်လာနှုန်းဖြင့် ဝယ်ယူရန် သဘောတူထားသည်။

ပြည်တွင်းဆန် ဈေးကွက်တည်ငြိမ်ရေးအတွက် ကြိုးပမ်းနေရချိန်တွင် ဘင်္ဂလားဒေ့ရှ်အစိုးရက ပါကစ္စတန်ဆန်များကို စတင်ဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နိုင်ငံ၏ ယူကရိန်းပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအတည်ပြု



**နယူးယောက် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ ရေးဆွဲထားသည့် ယူကရိန်းပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖေဖော်ဝါရီ ၂၄ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင်စတင်ခဲ့သည့် ယူကရိန်းပဋိပက္ခ သုံးနှစ်ပြည့်သည့်နေ့တွင် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ယူကရိန်းပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတွင် ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ကြားနေရပ်တည်ချက်ရယူထားကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းတွင်ယူကရိန်းပဋိပက္ခကို ချက်ချင်းရပ်ဆိုင်းရန်၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် တောင်းဆိုထားပြီးကုလသမဂ္ဂ၏ နိုင်ငံတကာငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးတာဝန်ကို အတည်ပြုထားသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ဖေဖော်ဝါရီ ၂၄ ရက်တွင် မဲခွဲခဲ့ရာ ရုရှားနိုင်ငံအပါအဝင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြပြီး ပြင်သစ်၊ ဗြိတိန်၊ ဒိန်းမတ်၊ ဂရိနှင့် ဆလိုဗေးနီးယားနိုင်ငံတို့က ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုနိုင်ခဲ့သော ယူကရိန်းပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းသည် သမ္မတဒေါ်နယ်ထရန့်လက်ထက်၌ အမေရိကန်အစိုးရ၏ ယူကရိန်းပဋိပက္ခဆိုင်ရာ မူဝါဒအပြောင်းအလဲကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားနိုင်ငံ၌ ဆောက်လုပ်ဆဲတံတားတစ်စင်းပြိုကျမှုဖြစ်ပွား အနည်းဆုံး လူလေးဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် တည်ဆောက်ဆဲအဝေးပြေးလမ်းတံတားတစ်စင်း ပြိုကျခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံး၍ လူခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

တံတားကွန်ကရစ် ဘောင်တန်းများကို ဝန်ချီစက်ဖြင့် နေရာချနေစဉ် ယင်းကွန်ကရစ်ဘောင်တန်းများပြိုကျခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါအဝေးပြေးလမ်းတံတားပြိုကျမှုဖြစ်စဉ်သည် ဆိုးလ်မြို့နှင့် မိုင် ၄၀ အကွာတွင်ရှိသော အန်ဆောင်းမြို့၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တံတားပြိုကျမှုကြောင့် လေးဦးသေဆုံးခဲ့ရာ နှစ်ဦးမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တံတားပြိုကျချိန်တွင် သေဆုံးသူလေးဦးနှင့် ဒဏ်ရာရသူခြောက်ဦးတို့မှာ တံတားပေါ်၌ ရှိနေကြသူများ ဖြစ်ကြကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

တံတားပြိုကျမှု ဖြစ်စဉ်နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် တောင်ကိုရီးယားယာယီသမ္မတ ချွိုင်ဆန်မော့ခ်က တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## နှစ် ၄၀ နီးပါးကာလအတွင်း ပထမဆုံးသော ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ခံမှု နောက်ဆုံးရလဒ် အီရတ်ကြေညာ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၅**

နှစ်ပေါင်း ၄၀ နီးပါးကာလအတွင်း ပထမဆုံးပြုလုပ်ခဲ့သည့် လူဦးရေသန်းခေါင်စာရင်းကောက်ခံမှုမှပေါ်ထွက်လာသည့် အပြီးသတ်ရလဒ်ကို အီရတ်အစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ခံမှု နောက်ဆုံးရလဒ်အရ အီရတ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၄၆ ဒသမ ၁သန်းထိရှိကြောင်း အီရတ်အစိုးရစီမံကိန်းရေးဆွဲရေးဝန်ကြီး မိုဟာမက်သာမမ်က ထုတ်ဖော်ပြောကြားထားသည်။

ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ခံမှုနောက်ဆုံးရလဒ်အရ ပေါ်ထွက်လာသည့် လူဦးရေပမာဏသည် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလတွင် ထုတ်ပြန်ထားသော ပဏာမရလဒ်ပါ လူဦးရေစုစုပေါင်းထက် တစ်သန်းကျော်ပိုများလာခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော လူဦးရေသန်းခေါင်စာရင်းကောက်ခံချက် ပဏာမရလဒ်တွင် အီရန်နိုင်ငံ၏လူဦးရေစုစုပေါင်းကို ၄၅ ဒသမ ၄၀၇သန်းထိရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်းကောက်ခံမှုမှရရှိသော အချက်အလက်များသည် အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ၊ သယံဇာတအရင်းအမြစ်များ မျှဝေရေးတို့အတွက် အကူအညီပေးမည်ဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။


အီရတ်နိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် ပြည်လုံးကျွတ်လူဦးရေ သန်းခေါင်စာရင်းကောက်ခံမှု နောက်ဆုံးတစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းအနားစွန်းရှိ အော့တိမ်တိုက်က ခရုပတ်ခွေလက်တံနှစ်ခု ပိုင်ဆိုင်ထားရာ ကြယ်စုအငယ်စားတစ်ခုနှင့် ပုံစံချင်းတူနေ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

နေအဖွဲ့အစည်း အနားစွန်းရှိ အော့တိမ်တိုက် (Oort Cloud) ခေါ် အာကာသနယ်မြေသည် ခရုပတ်ခွေလက်တံနှစ်ခုပိုင်ဆိုင်ထားရာ ကြယ်စုအငယ်စား တစ်ခုနှင့် ပုံစံချင်းတူနေကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် လက်ရှိအချိန်ထိ အော့တိမ်တိုက်နယ်မြေ၏ ပုံသဏ္ဌာန်နှင့် သဘာဝကို တိတိကျကျ နားလည်မှုမရှိသေးပေ။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့၏ လေ့လာတွေ့ရှိချက်အရ အော့တိမ်တိုက်နယ်မြေ၏ ပုံသဏ္ဌာန်မှာ ခရုပတ်ခွေချပ်ဝန်းလွှာတစ်ခုနှင့် တူနေနိုင်ကြောင်း၊ အော့တိမ်တိုက်နယ်မြေသည် နေအဖွဲ့အစည်း၏ အကြီးဆုံးဂြိုဟ်ကြီးများ ဖြစ်ကြသော ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်နှင့် ယူရေနတ်ဂြိုဟ်တို့ ပေါ်ထွက်လာခဲ့ပြီးနောက် ကြွင်းကျန်ရစ်သည့် အစိတ်အပိုင်းများတည်ရှိရာနယ်မြေဖြစ်ကြောင်း သိရသည်။

အော့တိမ်တိုက်နယ်မြေအတွင်းရှိ အချို့အာကာသဒြပ်ထည်များမှာ အရွယ်အစားကြီးမားလှသည်ဖြစ်ရာ သိပ္ပံပညာရှင်များက ဂြိုဟ်သိမ်ငယ်များအဖြစ် သတ်မှတ်ထားပြီး အော့တိမ်တိုက်နယ်မြေသည် ကမ္ဘာမြေနှင့် အလင်းနှစ်နှစ်နှစ် အကွာတွင်တည်ရှိသော အာကာသနယ်မြေ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်က အလင်းရောင်များအဆက်မပြတ် ထုတ်လွှတ်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

နဂါးငွေ့တန်းကြယ်စု ဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်သည် အလင်းရောင်များ အဆက်မပြတ်ထုတ်လွှတ်နေကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်က ထုတ်လွှတ်နေသော အလင်းရောင်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလင်းရောင်များသည် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက် ပတ်ပတ်လည်ရှိ ဓာတ်ငွေ့ချပ်ဝန်းလွှာအတွင်းပိုင်းမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဆာဂျီတေးရီးယပ်စ် အေစတားမဟာအာကာသတွင်းနက်မှ



ထွက်ပေါ်လာသည့် အလင်းရောင်များအနက် အချို့အလင်းရောင်များမှာ လနှင့်ချီ၍ ပေါ်ထွက်နေတတ်ကြောင်း အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် အချက်အလက်များအရ ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်သည် မျှော်လင့်ထားသည်ထက် လှုပ်ရှားမှုပိုပြင်းထန်နေသည့် သဘောရှိကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ဆာဂျီတေးရီးယပ်စ်အေစတား မဟာအာကာသတွင်းနက်ကို ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ တစ်နှစ်ကြာ လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို မတ် ၂၈ ရက်တွင် အဋ္ဌမအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးပျံကို ဖေဖော်ဝါရီ ၂၈ ရက်တွင် အဋ္ဌမအကြိမ်အဖြစ် စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

ကိုယ်ထည်အလျား ၄၀၃ ဒသမ ၅ ပေထိရှိသော Starship ဒုံးပျံကို တက္ကဆက်ပြည်နယ် တောင်ပိုင်း Starbase အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် သတ္တမမြောက် Starship ဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါမစ်ရှင်အတွင်း Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် အတ္တလန္တိတ်သမုဒ္ဒရာအထက်၌ ပေါက်ကွဲခဲ့ရသည်။

သို့ရာတွင် Starship ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ဖြစ်သည့် စူပါဟဲဗီးဒုံးယာဉ်မှာမူ ပစ်စင်ရှိရာသို့ တိကျစွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့်လကမ္ဘာဆီသို့ လူသားများပို့ဆောင်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ် နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အားစိုက်ရသည့်လေ့ကျင့်ခန်းများ နေ့စဉ်ငါးမိနစ်မျှ ပြုလုပ်ပေးခြင်းဖြင့် သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

အထိုက်အလျောက်အားစိုက်ရသည့် လေ့ကျင့်ခန်းများ နေ့စဉ်ငါးမိနစ်မျှ ပြုလုပ်ပေးခြင်းဖြင့် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် အားစိုက်ရသည့် လေ့ကျင့်ခန်းများကို သီတင်းတစ်ပတ်လျှင် ၃၅ မိနစ်ကြာ ပြုလုပ်ပေးခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို ၄၁ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

ထို့ပြင် လေ့ကျင့်ခန်းပြုလုပ်မှုအဆင့် ပိုမိုမြင့်မားလာပါက Dementia ဖြစ်နိုင်ခြေလည်း ပိုမိုကျဆင်းလာတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ဦးရေ ၈၀၀၀၀ တို့၏ လေ့ကျင့်ခန်းပြုလုပ်မှုပုံစံများကို စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သီတင်းတစ်ပတ်လျှင် ၃၅ မိနစ်နှင့် မိနစ် ၇၀ ကြား လေ့ကျင့်ခန်း ပြုလုပ်သူများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပျမ်းမျှ ၆၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Carnivore Diet ဓာတ်စာတစ်မျိုးကြောင့် ကျောက်ကပ်ရောဂါတစ်မျိုး ဖြစ်ပွားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

ကိုယ်အလေးချိန်လျှော့ချရေးအတွက် လူသန်းပေါင်းများစွာတို့ စားသုံးနေသော Carnivore Diet ခေါ် ဓာတ်စာပုံစံတစ်မျိုးကြောင့် ကျောက်ကပ်ရောဂါ တစ်မျိုးဖြစ်ပွားနိုင်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် သတင်းများအရ သိရသည်။

Carnivore Diet ဓာတ်စာသည် အသား၊ ဥနှင့် ထောပတ်ကဲ့သို့ တိရစ္ဆာန်ထွက်အစားအစာများတွင် အဓိကပါဝင်သည့် ဓာတ်စာပုံစံတစ်မျိုးဖြစ်သည်။

အမေရိကန်နိုင်ငံ အင်ဒီယာနာတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Carnivore Diet ဓာတ်စာကြောင့် ကျောက်ကပ်၌ ကျောက်တည်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

တိရစ္ဆာန် ပရိုတင်းပါဝင်နှုန်း မြင့်မားမှု၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဖယ်ထုတ်ထားမှုတို့ကြောင့် အထက်ပါဓာတ်စာပုံစံသည် ကျောက်ကပ်၌ ကျောက်များတည်လာရေးအတွက် ဝန်းကျင်အခြေအနေတစ်ရပ်ဖန်တီးပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အသားစားသုံးမှု များလွန်းပါက လူ့ကိုယ်ခန္ဓာအတွင်း ယူရစ်အက်စစ်လွန်ကဲလာပြီး ကျောက်ကပ် ကျောက်တည်မှုပြဿနာ ပေါ်ထွက် လာတတ်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Carnivore Diet ဓာတ်စာသည် လွန်ခဲ့သည့်နှစ်များအတွင်း တစ်တော့ကဲ့သို့ လူမှုမီဒီယာများမှတစ်ဆင့် ရေပန်းစားလာသော ဓာတ်စာပုံစံဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## Dubai Duty Free Tennis Championships ပြိုင်ပွဲ ဒုတိယအဆင့်သို့ စတီဖာနို့စ် တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၅**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပနေသည့် Dubai Duty Free Tennis Championshipsတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် အီတလီတင်းနစ်ကစားသမားဆိုနီဂိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတီဖာနို့စ်က (၇-၆ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

စတီဖာနို့စ်နှင့် ဆိုနီဂိုတို့ပွဲစဉ်တွင် ပထမပွဲငယ်၌အကြိတ်အနယ်ရှိခဲ့ပြီးဒုတိယပွဲငယ်တွင် စတီဖာနို့စ်က ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်သည် ဆိုနီဂိုနှင့် တွေ့ဆုံတိုင်း ရလဒ်ကောင်းမွန်ခဲ့ပြီး နှစ်ဦးအကြား ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်ရှိခဲ့ရာ စတီဖာနို့စ်က လေးကြိမ်စလုံး၌ အနိုင်ရခဲ့သည်။

စတီဖာနို့စ်သည် စပေးဘောစပေးရသည့် ဒုတိယပွဲငယ်တွင် စပေးဘောဖြင့် ၈၁ ရာခိုင်နှုန်း ထိရမှတ်များရရှိခဲ့သည်။

ဆိုနီဂိုစပေးဘောစပေးရသော ပထမပွဲငယ်တွင် ဆိုနီဂို၏ စပေးဘောများကို စတီဖာနို့စ်က အကောင်းဆုံး ကာကွယ်နိုင်ခဲ့ပြီး tie-breakတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်က "ပထမပွဲငယ်ကတော့ တော်တော်လေးကိုခက်ခဲခဲ့ပါတယ်။ အကြိတ်အနယ်ရှိခဲ့သလို ဆိုနီဂိုကလဲ အနိုင်ရလဒ်အတွက် အကောင်းဆုံးကစားသွားနိုင်ခဲ့တယ်။ ပထမပွဲငယ်မှာtie-break အဆင့်ထိ ကစားခဲ့ရလို့လဲ တော်တော်လေးကို ပင်ပန်းခဲ့ပါတယ်။ ပထမပွဲငယ်မှာအခက်အခဲရှိခဲ့ပေမဲ့လဲ လိုအပ်တဲ့အနိုင်ရလဒ်ကိုရခဲ့တဲ့အတွက် ဒုတိယပွဲငယ်ကစားဖို့ စိတ်ခွန်အားတက်ကြွခဲ့ရပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ အကောင်းဆုံးကစားနိုင်ခဲ့သလို အမှားအနည်းဆုံးဖြစ်အောင်လဲ အာရုံစိုက်နိုင်ခဲ့တယ်။ အမှားအနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့လို့လဲ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL




## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက ရောင်းချရန်ပြင်ဆင်နေသည့် ကွင်းလယ်တိုက်စစ်ကစားသမား လီအိုကို မန်ယူအသင်း၊ မန်စီးတီးအသင်း၊ အယ်ဟိုင်လာအသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❑ ဖီအိုရင်တီးနားအသင်း တိုက်စစ်မှူးမွိုက်ကိန်းကို စာချုပ်ဖျက်သိမ်းကြေး ယူရို ၅၂ သန်းထိပေးချေကာ စပါးအသင်းနှင့် အေဗီလာအသင်းတို့က အပြိုင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- ❑ နယူးကာဆယ်အသင်းက အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ကယ်ဟာနိုဂလူကိုခေါ်ယူရန် စိတ်ဝင်စားနေပြီး လာမည့်နွေရာသီတွင်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ❑ ဘာစီလိုနာအသင်းလူငယ်တိုက်စစ်မှူး ဗစ်တာရိုက်ွိုကို ပါမီးယက်စ်အသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း စပိန်ဘောလုံးအဖွဲ့ချုပ်၏စည်းမျဉ်းများအရ ပြောင်းရွှေ့ရန်မဖြစ်နိုင်သောကြောင့် ကစားသမားအနေဖြင့် ဘက်တစ်အသင်းသို့ ကာလတိုအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရသည်။

ML

## ပေါ့ဂ်ဘာကို တတိယအကြိမ်မြောက် ပြန်လည်ခေါ်ယူရန် မန်ယူအသင်းကြိုးပမ်း







**မန်ချက်စတာ ဖေဖော်ဝါရီ ၂၅**

မန်ယူအသင်းနည်းပြအာမိုရင်သည် အသင်းလူငယ်ကစားသမားဟောင်း ပေါ့ဂ်ဘာကို တတိယအကြိမ်မြောက် အသင်းသို့ ပြန်လည်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ပေါ့ဂ်ဘာသည် ဂျူဗင်တပ်အသင်းတွင် ဒဏ်ရာပြဿနာများကြောင့် ပွဲကစားချိန်လျော့နည်းခဲ့ပြီးနောက် တားမြစ်ဆေးသုံးစွဲထားကြောင်းစစ်ဆေးတွေ့ရှိခဲ့ကာ ရှစ်ပွဲပယ်ပြစ်ဒဏ်ကျခံရသဖြင့် ဂျူဗင်တပ်အသင်းက နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းခဲ့သောကြောင့် အသင်းလက်မဲ့ ဖြစ်နေချိန်တွင် မန်ယူအသင်းက ပြန်လည်ခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားပေါ့ဂ်ဘာသည် မန်ယူအသင်းမှဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် မန်ယူအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၉သန်းပေးချေကာ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီးနောက် အသင်းတွင် ကစားကွက်ပိုင်း အံဝင်မှုမရှိခဲ့၍ ၂၀၂၂ ခုနှစ်တွင် ဂျူဗင်တပ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် မန်ယူအသင်းသည် ကွင်းလယ်ပိုင်းတွင် လူငယ်ကစားသမားမိုင်နူးကိုသာ အားထားနေရပြီး အဲရစ်ဆင်နှင့် ကက်စမဲရိုးတို့မှာလည်း ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသဖြင့် အသင်းကစားကွက်နှင့် ကိုက်ညီမှုရှိနေသည့် ပေါ့ဂ်ဘာကို အသင်းသို့ ပြန်လည်ခေါ်ယူရန် နည်းပြအာမိုရင်က ဆုံးဖြတ်ခဲ့သည်။

အသက် ၃၁ နှစ်ရှိပေါ့ဂ်ဘာကို မေဂျာလိဂ်ကလပ် အင်တာမီယာအသင်းနှင့် လီဂူးဝမ်းကလပ် မာဆေးအသင်းတို့က ခေါ်ယူရန် ဆွေးနွေးနေသော်လည်း ကစားသမားကိုယ်တိုင်က တုံ့ပြန်မှုမရှိသောကြောင့် မန်ယူအသင်းက တတိယအကြိမ်မြောက် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## မန်စီးတီးအသင်းက ဂိုးသမား အီဒါဆန်၏နေရာတွင် ပေါ်တိုအသင်းမှ ဂိုးသမားကော်စတာနှင့်အစားထိုးရန် စတင်ပြင်ဆင်နေ

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၅**

မန်စီးတီးအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့်ဂိုးသမား အီဒါဆန်၏နေရာတွင် အစားထိုးရန်အတွက် စတင်ပြင်ဆင်နေပြီး ပေါ်တိုအသင်းမှ ဂိုးသမားကော်စတာကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၃၁နှစ်ရှိ ဂိုးသမား အီဒါဆန်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဘင်ဖီကာအသင်းမှမန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် မန်စီးတီးအသင်း နောက်ပိုင်းနှစ်များတွင် ချန်ပီယံဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကဂိုးသမားအဖြစ် ကာလရှည်ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် အီဒါဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန်ကြိုးပမ်းခဲ့ပြီး လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် နီးစပ်လျက်ရှိနေသည့်အတွက် မန်စီးတီးအသင်းက ဂိုးသမားနေရာတွင် အစားထိုးရန် စတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။




မန်စီးတီးအသင်းတွင် ဒုတိယဂိုးသမားအဖြစ် တာဝန်ယူနေသည့် ဂိုးသမားအိုတီဂီသည်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပွဲကစားခွင့်များရရှိခဲ့သော်လည်း လက်စွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ အမှားအယွင်းများ လုပ်ဆောင်နေသည့်အတွက် နည်းပြဂွါဒီယိုလာက ပထမဂိုးသမားနေရာတွင် အသုံးမပြုလိုသောကြောင့် လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဂိုးသမားနေရာအတွက် ပေါ်တိုအသင်းမှ ကော်စတာကို ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## လက်စတာအသင်းက နည်းပြနစ္စတယ်ရှိုင်း၏ လက်ထောက်နည်းပြနှစ်ဦးကို ရာထူးမှထုတ်ပယ်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

လက်စတာ အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် သဘောထားတင်းမာမှုရှိနေသည့် နည်းပြနစ္စတယ်ရှိုင်း၏ လက်ထောက်နည်းပြများ ဖြစ်သည့် ဘန်ဒယ်ဆွန်နှင့် ဒန်နီအက်ကော့တို့နှစ်ဦးကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်မှ ပရီးမီးယားလိဂ်သို့ ပြန်လည် တက်ရောက်လာသည့် လက်စတာအသင်းသည် နည်းပြစတိကူးပါးကို ခန့်အပ်ခဲ့သော်လည်း ရလဒ်ပိုင်းဆိုးရွားလာမှုကြောင့် ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိသည့် နည်းပြနစ္စတယ်ရှိုင်းကို ခန့်အပ်ခဲ့ရာ ကနဦးတွင် ရလဒ်ပိုင်းတိုးတက်လာခဲ့သဖြင့် အသင်းအနေဖြင့် တန်းဆင်းဇုန်မှရုန်းထွက်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် ပရီးမီးယားလိဂ် ၁၁ ပွဲတွင် ၁၀ ပွဲထိ ရှုံးနိမ့်ခဲ့သောကြောင့် တန်းဆင်းဇုန်အတွင်း ကျရောက်ခဲ့သည်။

ထို့ကြောင့် အသင်းတာဝန်ရှိသူများက ဘရန့်ဖို့ဒ်အသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် တန်းဆင်းရမည့်အရေးကို စိုးရိမ်လာသောကြောင့် အသင်းနှင့် သဘောထား တင်းမာနေသည့် နည်းပြနစ္စတယ်ရှိုင်း၏ နည်းပြအဖွဲ့ဝင်နှစ်ဦးကို ရာထူးမှထုတ်ပယ်ကာ လက်ရှိအခြေအနေကို ပြောင်းလဲနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိ လက်စတာအသင်းတွင် အဓိက ကစားသမားများဖြစ်သည့် အိုကိုလီ၊ ဖာတာဝူ၊ ဂျက်စတင်၊ အီဒိုအာ့နှင့်ပါရဲရားတို့ ဒဏ်ရာပြဿနာကြုံနေသဖြင့် အသင်းကစားကွက်ပိုင်းကို အကောင်းဆုံး တည်ဆောက်ရန် ခက်ခဲလျက်ရှိနေကာ နည်းပြနစ္စတယ်ရှိုင်းကလဲ ၎င်း၏ အားနည်းချက်ကို ထုတ်ဖော် ပြောကြားထားသော်လည်း လာမည့်ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ရမှတ်ရှာဖွေနိုင်မှသာ ရာထူးတည်မြဲရေးအတွက် အာမခံချက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# မြန်မာအမျိုးသမီးအသင်းနှင့် နီပေါအမျိုးသမီးအသင်းတို့ကစားမည့် ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိနေသည့် နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားမည့် နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ကစားမည့်ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲ (Press Conference)ကို ယနေ့တွင် ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးအသင်းနည်းပြ ယုကီတက်ဆုရှိနှင့် အသင်းခေါင်းဆောင်ဝင်းသိင်္ဂီထွန်းတို့တက်ရောက်ပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာအမျိုးသမီးအသင်း နည်းပြယုကီတက်ဆုရှိက "ပထမဆုံးအနေနဲ့ ကျွန်တော်တို့ကို ဒီပြိုင်ပွဲအားဖိတ်ခေါ်ပေးတဲ့ အိမ်ရှင်နီပေါနိုင်ငံကိုကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ဗိုလ်လုပွဲမှာ အိမ်ရှင်နီပေါအသင်းနဲ့ ထပ်မံကစားခွင့်ရတဲ့ အပေါ်မှာလဲအရမ်းကို ကျေနပ်မိပါတယ်။ ဗိုလ်လုပွဲမှာ ကျွန်တော်တို့ မြန်မာအသင်းရော အိမ်ရှင်နီပေါအသင်းရော သန့်သန့်ရှင်းရှင်းနဲ့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ကစားသွားမှာဖြစ်လို့ ပရိသတ်တွေအနေနဲ့ စောင့်ကြည့်အားပေးစေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် စည်းကမ်းသတ်မှတ်ချက်များအရ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယနေရာမှ နှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည့်အတွက် မြန်မာအမျိုးသမီးအသင်းက အုပ်စုပထမနှင့် နီပေါအမျိုးသမီးအသင်းက အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့ကြသည့်အတွက် ဖေဖော်ဝါရီ ၂၆ ရက် မြန်မာစံတော်ချိန် ည ၆နာရီ ၄၅ မိနစ်တွင် ကစားသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ထားကြောင်း သိရသည်။

STA

# ဘိုင်ယန်မြူးနစ်အသင်းက ကင်မစ်ချ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**ဘာလင် ဖေဖော်ဝါရီ ၂၅**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းမှ အဓိကကွင်းလယ် ကစားသမားကင်မစ်ချ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ရက်သတ္တပတ်အတွင်း အပြီးသတ် စာချုပ် ချုပ်ဆိုသွားဖွယ်ရှိနေကြောင်း သိရသည်။

အသက် ၃ဝနှစ်ရှိ ကင်မစ်ချ်သည် ပြီးခဲ့သည့် ၂ဝ၁၅ ခုနှစ်က စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးအဖြစ်ရပ်တည်နေသူဖြစ်သည်။

ကင်မစ်ချ်သည် ကွင်းလယ်အဖျက်ပိုင်းတွင်သာမက ဗဟိုခံစစ်နေရာတွင်ပါ အကောင်းဆုံးကစားနိုင်သူဖြစ်ပြီး လက်ရှိအချိန်ထိ ဘိုင်ယန်မြူးနစ်အသင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်နေသူဖြစ်ကာ ရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အသင်းက နောက်ထပ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုပြီး ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကင်မစ်ချ်သည် အသင်းကွင်းလယ်အဖျက်ပိုင်းတွင်သာမက ဗဟိုခံစစ်နေရာတွင်ပါ ကစားနိုင်သူဖြစ်ပြီး ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် အခွင့်အရေးများရှိနေသည့်အတွက် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများအပါအဝင် ရီးရဲလ်မက်ဒရစ်အသင်းကလည်း အလိုရှိနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ဘက်ထိပ်တန်းအသင်းကြီးများထံ မရောင်းချလိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# WBC ဘင်တန်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်တွင် နာကာတာနီက ကွေလာကိုအနိုင်ရရှိ

**တိုကျို ဖေဖော်ဝါရီ ၂၅**

WBC ဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဂျပန်လက်ဝှေ့သမား နာကာတာနီနှင့်စိန်ခေါ်သူ မက္ကဆီကို လက်ဝှေ့သမား ကွေလာတို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထိုးသတ်ခဲ့ရာ နာကာတာနီက အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာကာတာနီသည် တတိယမြောက်အချီတွင် အလဲထိုးရလဒ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဆုကိုလည်း တတိယအကြိမ်မြောက် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

နာကာတာနီသည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကွေလာက လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဘင်တန်ဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားများ စာရင်းတွင်ပါဝင်နေသည့် ကွေလာအား အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူသလို လက်ရှိချန်ပီယံဆုကိုလည်း ကာလရှည် ထိန်းသိမ်းသွားနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း နာကာတာနီက ပြောကြားခဲ့သည်။

နာကာတာနီက "ကွေလာဟာ ဘင်တန်ဝိတ်တန်းမှာ ပြိုင်ဘက်တိုင်းအတွက် အန္တရာယ်ရှိတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို သူနဲ့ထိုးသတ်သွားရမယ်လို့သိရတဲ့ အချိန် ပြင်ဆင်မှုတွေ အချိန်ယူလုပ်ဆောင်ရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သတိပေးခဲ့တယ်။ပြင်ဆင်မှုတွေအတွက်လဲ အချိန်ပေးခဲ့တယ်။ ပြင်ဆင်ထားတဲ့အတိုင်း အကောင်းဆုံး ထိုးသတ်နိုင်ခဲ့ပါတယ်။ကွေလာကိုတတိယမြောက် အချီလောက်မှာ အလဲထိုးရလဒ်နဲ့ အနိုင်ရမယ်လို့ မျှော်လင့်မထားပါဘူး။ မျှော်လင့်မထားတဲ့အရာကို လုပ်နိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။




Ref : Xinhua
Trs : AZL

# ဥရောပအသင်းအတွက် အသင်းခေါင်းဆောင်အဖြစ် ဆွီဒင်ဂေါက်သီးရိုက်မယ်အန်နာနော့ကွက်ကို ခန့်အပ်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

2026 European Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် ဗြိတိန်အခြေစိုက် Ladies European Tourအဖွဲ့ချုပ်သည်ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ဆွီဒင်ဂေါက်သီးရိုက်မယ် အန်နာနော့ကွက်အား ခန့်အပ်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အန်နာနော့ကွက်သည် European Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းနှင့်အတူ ချန်ပီယံဆုအားငါးကြိမ်တိုင်တိုင် ဆွတ်ခူးထားသူဖြစ်ပြီး European Solheim Cupဂေါက်သီးရိုက်ပြိုင်ပွဲတွင် အအောင်မြင်ဆုံးသော ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၃၇ နှစ်သာရှိသေးသည့် အန်နာနော့ကွက်သည် ၁၉၉ဝ ပြည့်နှစ်နောက်ပိုင်း ဥရောပအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရခဲ့သူများအနက် ဒုတိယမြောက် အသက်အငယ်ဆုံးသော အသင်းခေါင်းဆောင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသင်းခေါင်းဆောင်တာဝန်ပေးအပ်ခံခဲ့ရပြီးနောက် အန်နာနော့ကွက်သည် ဥရောပအသင်းအတွက် လူရွေးချယ်မှုများပြုလုပ်ရန် ပြိုင်ပွဲများတွင်ရရှိသော ဥရောပနိုင်ငံအသီးသီးမှ ဂေါက်သီးရိုက်မယ်များ၏ စွမ်းဆောင်ရည်များကို စောင့်ကြည့်သွားတော့မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# ဂလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းပွဲစဉ်မှဖြစ်ရပ်အတွက် တူကီယဲ ဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများပြုလုပ်မည်

**အစ္စတန်ဘူ ဖေဖော်ဝါရီ ၂၅**

တူကီယဲစူပါလိဂ် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဂလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့ ပွဲစဉ်မှဖြစ်ရပ်အတွက် တူကီယဲဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်တို့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

တူကီယဲစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ် ဂလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒေသတွင်း ထိပ်တန်းအသင်းကြီး နှစ်သင်းတွေ့ဆုံသည့် ပွဲစဉ်ဖြစ်သည်နှင့် အညီ ပြိုင်ဆိုင်မှုများလည်း ပြင်းထန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန်အတွင်း ကွင်းလယ်ဒိုင်လူကြီးက ပြစ်ဒဏ်မသတ်မှတ် ပေးခဲ့သည့်အတွက် ဂလာတာစာရေးအသင်းနည်းပြအဖွဲ့နှင့် ကစားသမားများခုံတန်းမှ နည်းပြအဖွဲ့ဝင်အချို့နှင့်ကစားသမားအချို့က ဖီနာဘာချီအသင်းကို လူမျိုးရေးခွဲခြားမှုပြုလုပ်သည့် ပုံစံဖြစ်သည့် မျောက်ပုံစံများ ပြုလုပ်ခဲ့သည်ဟု သတင်းကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဂလာတာစာရေးအသင်းမှ နည်းပြအဖွဲ့ဝင်အချို့နှင့် ကစားသမားအချို့၏ လူမျိုးရေးခွဲခြားမှုကို တူကီယဲဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်က ပူးပေါင်းပြီး မကြာမီစစ်ဆေးမှုများလုပ်ဆောင်သွားမည်ဖြစ်ပြီး ပြစ်မှုထင်ရှားမည်ဆိုပါက အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကာ ဂလာတာစာရေးအသင်းကလည်း အဆိုပါဖြစ်ရပ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပဘောလုံးအဖွဲ့ချုပ်ထံ တိုင်ကြားသွားမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ တူကီယဲစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အပြီးတွင် ဂလာတာစာရေးအသင်းက ရမှတ် ၆၄မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်နေပြီး ဖီနာဘာချီအသင်းကလည်း ရမှတ် ၅၈ မှတ်ဖြင့် ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

Ref : One Football
Trs : STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကမ္ဘာတစ်လွှားကျန်းမာရေးဆိုင်ရာ ပရဟိတလုပ်ငန်းများ

"ပရဟိတ"ဟူသည့်ဝေါဟာရကို ကြားလိုက်ရုံဖြင့် အများအကျိုးဆောင်ရွက်ခြင်းဟု သဘောပေါက်မိကြသည်။ သူတစ်ပါး၏အကျိုးကို တစ်စုံတစ်ရာမျှော်မှန်းချက်မပါဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးကြသူများဟု အဓိပ္ပာယ်ရသည်။ ကမ္ဘာပေါ်တွင် ပရဟိတသမားများ များပြားလှသည်။ ကမ္ဘာပေါ်ရှိ ဘီလီယံနာသူဌေးကြီးများအားလုံးလိုလိုသည် ပရဟိတလုပ်ငန်းများကိုလုပ်ကိုင်နေကြသည်။ သို့သော် ၎င်းတို့အားလုံးပရဟိတဘွဲ့ကိုခံယူကြသည်မဟုတ်ပေ။ အချို့သူဌေးကြီးများသည် သန်းနှင့်ချီသည့် ကမ္ဘာ့လူသားများ၏အကျိုးကို ဆောင်ကြဉ်းပေးနိုင်သည့်တိုင် ၎င်းတို့ကို ပရဟိတဘွဲ့ပေးအပ်ခြင်းကို လက်မခံခဲ့ကြပေ။

ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်၌ အသက် ၈၈ နှစ်အရွယ်တွင်ကွယ်လွန်သွားခဲ့သည့် မင်းသားအာဂါခမ် (အမှတ် ၄) သည် ကမ္ဘာတစ်လွှား တက္ကသိုလ်ကြီးများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများစွာကို ဆောက်လုပ်လှူဒါန်းခဲ့သူဖြစ်သည်။ သို့သော် အာဂါခမ်သည် "ပရဟိတသူရဲကောင်း"ဘွဲ့ကို ကွယ်လွန်ချိန်ထိ မခံယူခဲ့ပေ။ မင်းသားဆိုသော်လည်း အာဂါခမ်သည် နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုထားသည့် မင်းသားတစ်ပါးမဟုတ်ချေ။ ၎င်း၏ဖခင် မင်းသားအာဂါခမ် (အမှတ် ၃)ကွယ်လွန်ပြီးနောက် ဖခင်၏ မင်းသားဘွဲ့ကို ဆက်လက်ခံယူခဲ့ခြင်းသာဖြစ်သည်။ ပါရှားမင်းမျိုးမင်းနွယ်များဟုသာ ဆိုရပါမည်။

အာဂါခမ်(အမှတ် ၄)သည် မြင်းပြိုင်ပွဲများ၊ ဟိုတယ်လုပ်ငန်းစုကြီးများဖြင့် ကြွယ်ဝချမ်းသာလာသူဖြစ်သည်။ အာဂါခမ်ဖွံ့ဖြိုးရေးကွန်ရက်ကို တည်ထောင်ခဲ့ပြီး သန်းပေါင်းများစွာသော လူသားများ၏အသက်ကို ၎င်း၏ချမ်းသာကြွယ်ဝမှုများဖြင့် ကယ်တင်ခဲ့သူဖြစ်သည်။ အစ္စမေလီအုပ်စုဝင်မူဆလင်များ၏ ဘာသာရေးခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ သို့တိုင်အောင် ပရဟိတဘွဲ့များချီးမြှင့်ခြင်းကို ဆက်တိုက်ငြင်းဆိုခဲ့သည်။

တစ်သီးပုဂ္ဂလပရဟိတသမားများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေခဲ့ကြသည်မှာ ကာလကြာရှည်ခဲ့လေပြီ။ ကမ္ဘာ့ပထမဆုံး ဘီလီယံနာသူဌေးကြီးဖြစ်သည့် အမေရိကန်နိုင်ငံမှ ဂျွန်ရော့ကီဖဲလာ(Rockefellar) သည် ၁၉၁၃ ခုနှစ်မှစတင်လျက် ရော့ကီဖဲလာဖောင်ဒေးရှင်းကိုထူထောင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)၊ ဟားဗက်ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဂျွန်ဟော့ကင်းပြည်သူ့ကျန်းမာရေးတက္ကသိုလ်များနှင့်ပူးပေါင်းပြီး သံချိတ်ကောင်၊ ငှက်ဖျားနှင့် Yellow fever ကူးစက်ရောဂါများထိန်းချုပ်နိုင်ရန် ဆောင်ရွက်ခဲ့သည်။

မကြာသေးမီက နည်းပညာအခြေပြု ခေတ်သစ်ဘီလီယံနာသူဌေးကြီးများ ပေါ်ပေါက်လာခြင်းနှင့်အတူ တစ်သီးပုဂ္ဂလပရဟိတသူဌေးကြီးများလည်း ပေါ်ပေါက်လာခဲ့သည်။ ဘီလ်ဂိတ်နှင့် ဇနီးဖြစ်သူမဲလ်လင်ဒါဇနီးမောင်နှံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်က စတင်တည်ထောင်ခဲ့သည့် ဘီလ်နှင့်မဲလ်လင်ဒါဂိတ်ဖောင်ဒေးရှင်းကို ဥပမာပြရပါမည်။ ဘီလ်ဂိတ်တို့ဇနီးမောင်နှံဖောင်ဒေးရှင်းသည် စတင်ထူထောင်သည့်အချိန်မှစတင်လျက် ကမ္ဘာ့လူသားများ၏ကျန်းမာရေးကို ကြီးမားစွာအထောက်အကူပြုခဲ့သည်ဟုဆိုရမည်။ ဂါဗီ(Gavi)ကာကွယ်ဆေးထိုးတပ်ပေါင်းစုအဖွဲ့ကြီးကို ပံ့ပိုးမှုများပေးခဲ့သည်။ Gavi အဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် မျိုးဆက်သစ်ကလေးသူငယ်သန်းပေါင်းများစွာကို ကူးစက်ရောဂါကာကွယ်ထိုးဆေးအမျိုးအစား ၂၀ ကို ထိုးနှံပေးခဲ့သည်။ ဘီလ်ဂိတ်ဇနီးမောင်နှံဖောင်ဒေးရှင်းသည် ငှက်ဖျား၊ HIV/AIDS နှင့် တီဘီရောဂါများကာကွယ်ရေးနှင့် သုတေသနလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီပြီး လှူဒါန်းခဲ့သည်။

ပရဟိတလူမှုရေး အဖွဲ့အစည်းကြီးများ၏ အားသာချက်မှာ လွတ်လပ်စွာလှုပ်ရှားနိုင်သည်၊ မည်သည့်အဖွဲ့အစည်းနှင့်အစိုးရများ၏ ဩဇာခံမဟုတ်၊ နိုင်ငံရေးအရောင်အသွေးမရှိ၊ လွတ်လပ်စွာပြောဆိုနိုင်သည်၊ ကြိုးနီစနစ်များ၏ ထိန်းချုပ်မှုအောက်မှလည်း ကင်းလွတ်သည်။ ပုံမှန်အခြေအနေဖိစီးမှုများအောက်တွင် မကြားရတတ်သည့် အသံများကို ကြားစေနိုင်သည်။ စုစည်းရလွယ်ကူမြန်ဆန်သည်။

တစ်ဖက်တွင်လည်း ပရဟိတအဖွဲ့အစည်းကြီးများ၏ ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် မတူညီသည့်အမြင်တချို့လည်း ရှိနေသည်။ ပုထုဇဉ်လူသားများဖြစ်သည့်အတွက် လှူဒါန်းမှုများပြုလုပ်သည့်နေရာတွင် ပရဟိတသူဌေးကြီးများ၏ စိတ်ကြိုက်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို ဘက်လိုက်လှူဒါန်းမှုများရှိနေသည်ဟု ဝေဖန်မှုများရှိသည်။ မူလအစ ပထမသူဌေးကြီးများကွယ်လွန်ပြီးသည့်နောက် ကျန်ရစ်ခဲ့သည့်ပရဟိတအဖွဲ့အစည်းအနေဖြင့် မည်သူ့ကိုလှူဒါန်းမည်ဟုဆိုရာတွင် တံခါးပိတ်ဆွေးနွေးပွဲများဖြင့်ဆုံးဖြတ်ပြီး ထင်သာမြင်သာမှုမရှိတော့သည့်အခြေအနေများ ဖြစ်လာသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း နည်းပါးလာကြသည်ဟုဆိုသည်။

လက်သစ်ကမ္ဘာ့ဇောတိကများအနေဖြင့်လည်း ချမ်းသာစေရန်ကြိုးစားခဲ့ရာ ခရီးလမ်းတွင် တစ်ပါးသူကို နင်းခြေဖျက်ဆီးပြီး လျှောက်လှမ်းဖြတ်ကျော်ခဲ့ကြသူများရှိသည်။ ထိုအပြစ်များကိုဖြေဖျောက်ရန် အလှူကြီးများပေးပြီး ချေဖျက်ချင်ကြသည်။

ဤသို့သောအခြေအနေတွင် ခေတ်သစ်ပရဟိတသူဌေးကြီးများက ကမ္ဘာ့ကျန်းမာရေးလုပ်ငန်းများအပေါ် လှူဒါန်းဖြည့်ဆည်းပေးနေမှု၏ အကျိုးသက်ရောက်မှုပမာဏကို မည်သည့်ပေတံဖြင့်တိုင်းတာကြမည်လဲဟု မေးခွန်းများထုတ်လာကြသည်။ ပေတံရှိသည်ဆိုဦးတော့ မည်သူက တိုင်းတာပေးမည်လဲဆိုသည့်အမေးက ရှိနေပြန်သည်။ ယနေ့ ကမ္ဘာ့ပရဟိတအဖွဲ့အစည်းကြီး၏ ဆုံးဖြတ်ချက်များဘယ်လိုချမှတ်နေကြသလဲ၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဘယ်လောက်ရှိသလဲဆိုသည့်မေးခွန်းများ တသီတတန်းကြီး ပေါ်လာသည်။ မြောက်အမေရိကနှင့် ဥရောပတိုက်မှ သူဌေးကြီးများသည် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ကျန်းမာရေးကို ပရဟိတရန်ပုံငွေများဖြင့် ခြယ်လှယ်ကြိုးကိုင်လာကြမည်လားဟူသည့် ခေတ်သစ်ကျန်းမာရေးကိုလိုနီပြုမှု အစီအစဉ်သစ်တစ်ခုပေါ်ထွက်လာမည်ကို စိုးရိမ်လာကြသည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီး၏ ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှုများအပေါ် ရန်ပုံငွေထည့်ဝင်လိုစိတ်သည် နည်းပါးလာကြသည်။ လက်ရှိအမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ နုတ်ထွက်မည်ဟု ပြောလာသည်။ WHO ၏ အကြီးမားဆုံးရန်ပုံငွေ အစိတ်အပိုင်းတစ်ခုကို ၂၀၂၆-၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံမှ သန်း ၄၀၀ ထိ လျှော့ချရမည့်အခြေအနေရောက်လာသည်။ ရန်ပုံငွေနည်းပါးသွားသဖြင့် WHO အဖွဲ့ကြီးသည်လည်း စီးပွားရေးလုပ်ငန်းရှင်များ၊ ပရဟိတသူဌေးကြီးများနှင့် လူမှုရေးဖောင်ဒေးရှင်များထံမှ အလှူခံရတော့သည်။ ဥပမာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့(Global Fund)အဖွဲ့ကြီးမှ AIDS၊ ငှက်ဖျားနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖိုး အလှူငွေထည့်ဝင်နိုင်ကြရန် လှုံ့ဆော်နေရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် WHO ဖောင်ဒေးရှင်းအမည်ဖြင့် အဖွဲ့အစည်းတစ်ခုကို ၂၀၂၀ ပြည့်နှစ်မှ စတင်တည်ထောင်ထားရသည်။ ၎င်းဖောင်ဒေးရှင်းမှတစ်ဆင့် ပရဟိတသူဌေးကြီးများ၊ လူမှုရေးအဖွဲ့အစည်းများထံမှ အလှူငွေလက်ခံနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံအပါအဝင် အလှူရှင်နိုင်ငံ တော်တော်များများ၏ လှူဒါန်းငွေ၊ ရန်ပုံငွေများ ရပ်ဆိုင်းသွားသည့်အခါ WHO အဖွဲ့ကြီးကိုယ်တိုင်ရပ်တည်ရန် ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်နေရသည့်အခြေအနေဖြစ်သည်။

**❖ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် WHO ဖောင်ဒေးရှင်း အမည်ဖြင့် အဖွဲ့အစည်းတစ်ခုကို ၂၀၂၀ ပြည့်နှစ်မှ စတင်တည်ထောင် ထားရသည်။ ၎င်းဖောင်ဒေးရှင်းမှတစ်ဆင့် ပရဟိတသူဌေးကြီးများ၊ လူမှုရေးအဖွဲ့အစည်းများထံမှ အလှူငွေလက်ခံနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ အမေရိကန်နိုင်ငံအပါအဝင် အလှူရှင်နိုင်ငံ တော်တော် များများ၏ လှူဒါန်းငွေ၊ ရန်ပုံငွေများ ရပ်ဆိုင်းသွားသည့်အခါ WHO အဖွဲ့ကြီးကိုယ်တိုင်ရပ်တည်ရန် ကိုယ့်အားကိုယ်ကိုးပြီး ဆောင်ရွက်နေရသည့်အခြေအနေဖြစ်သည်။ ❖**

အမှန်တွင် ကမ္ဘာ့လူသားများအားလုံးညီတူညီမျှကြွယ်ဝချမ်းသာပြီး ပြည့်စုံပျော်ရွှင်နေကြလျှင်ကောင်းမည်။ ပရဟိတအဖွဲ့အစည်းများ မလိုအပ်တော့သည့်ကမ္ဘာကြီးသည် စံပြကမ္ဘာကြီးဖြစ်ပါလိမ့်မည်။ သို့သော် ထိုသို့ဖြစ်နိုင်ရန်မလွယ်ကူပေ။ လူသားများ ညီတူညီမျှဖြစ်နိုင်ရန်ဆိုသည်မှာ စိတ်ကူးယဉ်အိပ်မက်သာဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ရက်သတ္တပတ်တစ်ပတ်လျှင် ဘီလျံနာလေးဦးပေါ်ထွက်သည်ဟုဆိုသည်။ အသစ်အသစ်သောသူဌေးကြီးများသည် ၎င်းတို့၏ပိုင်ဆိုင်မှုများကို လူ့အဖွဲ့အစည်းနှင့် လူသားတို့၏ကျန်းမာရေးအတွက် လှူဒါန်းရန်လည်း စိတ်ဝင်စားကြသည်။

၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာကျော်သူဌေးကြီး ဝါရင်းဘတ်ဖဒ်၊ ဘီလ်ဂိတ်ဇနီးမောင်နှံတို့ ဦးဆောင်တည်ထောင်ခဲ့သည့် The Giving Pledge (ပေးကမ်းသောလက်အစုံ)အမည်ရှိ လူမှုရေးအဖွဲ့အစည်းကြီးတွင် သူဌေးကြီး ၄၀ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ယနေ့အချိန်တွင် နိုင်ငံပေါင်း ၃၀ မှ သူဌေးကြီး ၂၄၀ ကျော် ပူးပေါင်းပါဝင်နေကြသည်။ Pledge နှင့် Donation ကွဲပြားသည်က Donation က ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ လှူဒါန်းခြင်းဖြစ်ပြီး Pledge ကတော့ နောက်အနာဂတ်တွင် လှူဒါန်းမည်ဟု ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ယနေ့ကမ္ဘာကြီး၏အခြေအနေအရ WHO ကဲ့သို့အဖွဲ့ကြီးမျိုးမှာ ကြွယ်ဝသည့်နိုင်ငံကြီးများ၏ အားပေးကူညီမှုနည်းပါးပြီး ပရဟိတသူဌေးကြီးများ၊ လူမှုအဖွဲ့အစည်းများ၏ "အား"ကိုယူနေရသည့်အနေအထားဖြစ်သည်။ လှူဒါန်းမှုများကို ကြိုဆိုလက်ခံသည့်တစ်ချိန်တည်းမှာပင် ပရဟိတလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ကျင့်ဝတ်ပိုင်းဆိုင်ရာပါဝင်ပတ်သက်မှုများကိုလည်း မျက်ခြည်မပြတ်စောင့်ကြည့်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **'Philanthropy for health: past, present, and future' from Lancet Feb 15,2025**

**ဒေါက်တာလွှမ်းမိုးဟန်**

## လဲချားမြို့နယ် နောင်ဆိုင်ကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လဲချား ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် နောင်ဆိုင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက နောင်ဆိုင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တံတားကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဆိုင်ကျေးရွာ၌ အလျားပေ ၂၀၊ အနံ ၁၂ ပေ၊ အမြင့်ကိုးပေရှိ ကျေးရွာတွင်းကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ လဲချားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

## ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကိုရုပ်သံဇာတ်လမ်းအဖြစ် မတ် ၂ ရက်တွင် ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် မတ် ၂ ရက်တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားခြင်းဖြစ်ပြီး ဘိုဘိုအင်တာတိန်းမန့် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဧပြီလတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မေတ္တာဘွဲ့ ဒရမ်မာ ဇာတ်လမ်းလေးပါပဲ။ အဲဒီ ဇာတ်ကားနဲ့ သရုပ်ဆောင်နေဝင်းဟာ ၂၀၂၃ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို ရရှိထားပါတယ်။ ရုံတင်စဉ်ကလဲ ပရိသတ်အားပေးမှုရရှိထားတဲ့ ဇာတ်ကားလဲ ဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ ရည်ရွယ်မိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ ရဲရင့်အောင်၊ နေဝင်း၊ မင်းအာကာ၊ ထွန်းထွန်း၊ ဆန္ဒမောင်၊ ရှမ်းလေး၊ သားပေါက်၊ ကိုသက်၊ မေမြင့်မိုရ်၊ ခွန်းညီ၊ ချိုမဒီသွင်၊ မီကိုခန့်၊ နှင့် အနုပညာရှင်များစွာပါဝင်ပြီး မတ် ၂ ရက်ညစနာရီတွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

## ဂျေဆင်စတာသမ်၏ Mutiny ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရုံတင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

Mutiny အမည်ရှိ အက်ရှင်ဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၄ ရက်သတင်းများအရ သိရသည်။

Mutiny ဇာတ်ကားတွင် ကမ္ဘာကျော် အက်ရှင်မင်းသား ဂျေဆင်စတာသမ်က အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Mutiny ဇာတ်ကားကို ဒါရိုက်တာ ဂျန်းဖရန်ဆွာရစ်ချက်က တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေပီဒေးဗစ်က ရေးသားပေးထားကြောင်း သိရသည်။

Mutiny ဇာတ်ကားတွင် မင်းသား ဂျေဆင်စတာသမ်နှင့်အတူ မင်းသမီး အန်နာဘယ်လီဝေါလစ် နှင့် မင်းသား ဂေဆင်ဝေါင်းတို့လည်း ပါဝင်ထားသည်။

မင်းသား ဂျေဆင်စတာသမ်သည် ဒါရိုက်တာ ဒေးဗစ်အေယာ ရိုက်ကူးထားသည့် A Working Man ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

A Working Man ဇာတ်ကားကို လာမည့် မတ် ၂၈ ရက်တွင် ရုံတင် ပြသမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကားကို မတ်လဆန်းတွင် ရုံတင်ပြသရန် ရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကားကို မတ်လဆန်းတွင် ရုံတင်ပြသရန် ရှိနေကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် မင်းဦးထံမှ သိရသည်။

အဆိုပါ အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုယ်တိုင်ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက ဇာတ်လမ်းလေးကိုကြိုက်လို့ အပြေးအလွှား လက်ခံရိုက်ကူးခဲ့တဲ့ ဇာတ်ကားပါ။ ဒီဇာတ်လမ်းက ဘယ်လိုလဲဆိုတော့ သားတွေ မရှိတော့တဲ့အခါ ကျန်ခဲ့တဲ့ ချွေးမတွေ၊



မြေးတွေအတွက် အမွေကိစ္စကို ကိုယ်ကဦးဆောင်ပြီးတော့ လုပ်ရမဲ့ အနေအထားမှာ ချွေးမတွေ၊ မြေးတွေက ကိုယ့်ကိုပြန်ပြီးတော့ စီမံသွားတဲ့ ဇာတ်လမ်းမျိုးပေါ့။ ဒီဇာတ်လမ်းမှာ မင်းဦးကို တစ်ခါမှ မမြင်ဘူးသေးတဲ့ ဇာတ်ရုပ်နဲ့မြင်ရမှာဖြစ်သလို ထူးခြားတဲ့ ဇာတ်လမ်း ဇာတ်အိမ်ကြောင့် ရုံတင်တဲ့အခါ အားပေးကြည့်ရှု အကဲဖြတ်ကြည့်ကြပါ"ဟု သရုပ်ဆောင်မင်းဦးက ပြောပြသည်။

အမွေဆိုင်ဇနီးများ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မင်းဦး၊ ညီထွဋ်ခေါင်၊ ကျော်ထက်အောင်၊ စည်သူဝင်း၊ ဟိဏ်းသီဟ၊ ချောရတနာ၊ ခြူးလေး၊ ဖူးစုံ၊ ရွှေသမီး၊ ထက်ထက်ထွန်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Your Mother Your Mother Your Mother ၌ မင်းသား မာဟာရှာလာအလီ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

Amazon MGM စတူဒီယို၏ Your Mother Your Mother Your Mother အမည်ရှိ ဇာတ်ကား၌ အော်စကာဆုရှင် မင်းသား မဟာရှာလာအလီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးပေ။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘက်ဆစ်တာရစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

မင်းသား မာဟာရှာလာအလီသည် Moonlight ဇာတ်ကား၊ Green Book ဇာတ်ကားများဖြင့် အော်စကာဆု နှစ်ဆု ရရှိထားသူဖြစ်ကြောင်း သိရသည်။

မင်းသား မာဟာရှာလာအလီသည် လာမည့် ဇူလိုင် ၂ ရက်တွင် ရုံတင်ပြသမည့် Jurassic World Rebirth ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





## တေးသံရှင် ဇော်ပိုင်၏ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို မဟာအောင်မြေမြို့နယ် Space Bar တွင်ပြုလုပ်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

တေးသံရှင် ဇော်ပိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မတ် ၁ ရက်တွင် မန္တလေး မဟာအောင်မြေမြို့နယ်ရှိ Space Bar တွင် ပြုလုပ်မည် ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် ဇော်ပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Space Bar ၏ ပင်တိုင်တေးဂီတအဖွဲ့ဖြစ်သည့် Space Bar live Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မတ် ၁ ရက်ညမှာ မန္တလေး Space Bar မှာ ပြုလုပ်မှာဖြစ်ပါတယ်။ Space Bar live Music Band ရဲ့ လက်စွမ်းပြတေးသံသာတွေလဲ နားဆင်ရအုံးမှာမို့ မန္တလေးက ပရိသတ်တွေအားလုံးကို ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် ဇော်ပိုင်က ပြောပြသည်။

တေးသံရှင် ဇော်ပိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Space Bar တွင် ည ၆ နာရီမှစတင် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း တေးသံရှင် ဇော်ပိုင်က ဆက်လက်ပြောပြ၍သိရသည်။

ASH

# 168 more illegal migrants to Myanmar detained



168 illegal foreign intruders further detained.

**Nay Pyi Taw February 25**

As the government has been cracking down on those who were involved in illegal online gambling, scams and criminal activities in Shwe Kokko and KK Park in Myawady, Kayin State by illegally entering Myanmar through border routes after transiting neighbouring countries including Thailand and 168 more illegal foreign migrants were detained today.

Combined teams of relevant departments are collecting their personal information and documents within a day to repatriate them to relevant countries as soon as possible.

Moreover, Minister for Security and Border Affairs Col Min Thu Kyaw of Kayin State Government and officials inspected the proper detention of illegal migrants this morning and the collection of personal information and documents of the 168 more illegal migrants detained today.

Then, the security and border affairs minister met with departmental officials and coordinated necessary measures for collecting correct and complete information, providing healthcare, accommodation and food and facilitating the repatriation process of illegal migrants without delays.

During the period from 30 January to 25 February, 2025, a total of 2,538 illegal foreign migrants to Myanmar were uncovered and detained and 673 of them were properly repatriated to relevant countries through Thailand in accordance with the law, rules and regulations and the remaining 1,865 illegal migrants are ready for repatriation to their countries while they are being detained properly.

Claims of some illegal foreign migrants were recorded as follows:

**Mrs. Nguyen Sinh Nga (Vietnamese citizen)**



I was told by Chinese national SaiCua, who I was familiar with online, that I would get a marketing job in Thailand and the salary would be discussed when we met in person. So, I left Noi Bar Airport, Vietnam for Bangkok by air on 8 November, 2024. A Thai national came to meet and greet me at the airport and took me to Mae Sot. Then, we crossed a creek by a motorized boat. On arrival at the other bank, I was taken by a car, which was waiting for me, to the 100-acre Myitta Lin Myaing site in Myawady. I had to handle computer marketing online and find customers for the Dan Chu company owned by a Chinese national. I was paid 25,500 Baht per month.

**Mr. Qiau Ke Ji, China (Taipei)**



My education status is post-high school level. I had worked in online scam centres before. I was told online that I would get a gold smuggling job in Bangkok and would be paid 50,000 Baht. So, I left Tai Zhong Airport for Bangkok by air on 23 March, 2024. I stayed one night at a Bangkok hotel and continued to Mae Sot by a car owned by a Thai national. On arrival at Mae Sot, I crossed the river by motorized boat to the 100-acre site in Myitta Lin Myaing Village in Myawady. I got a job in the HuanYa company owned by Chinese national ZhongGuo and had to work for online scam operations. I was paid 12,500 Baht per month.

**Mrs. Shi Rong Min (Chinese national)**



My education status is university level. I was persuaded by a Chinese national through WeChat that I would have to smuggle gold in Thailand and would be paid handsomely. So, I left Shi Bi Zian city, China, for Bangkok by air on 12 September, 2024. On arrival in Bangkok, I was taken by a Thai national to Mae Sot, where I crossed a river to Myanmar by motorized boat. I had to work in the HuanYa company owned by Chinese national ZhongGuo in the 100-acre site in Myitta Lin Myaing Village in Myawady. I had to work for online scam operations. I was not paid.

100

# Merchants from Kyaunggon Township send dried chilli to Yangon market

**Kyaunggon February 25**

Local fishermen and merchants from Kyaunggon Township in Ayeyawady Region, sold dried chilli peppers in the Yangon market, with a total of 80,000 viss being sold. According to Daw San Htay, a trader of agricultural products from Kyaunggon Township, in December 2024, only 55,000 viss of dried chilli peppers were exported to the Yangon market. In January 2025, the export increased to 80,000 viss.

It is reported that the total revenue from the 80,000 viss of dried chilli peppers sold from this region reached K99,000 per 10 viss.

"In the past month, we were able to export and sell up to 80,000 viss of dried chilli peppers from Kyaunggon Township to the Yangon market. Agricultural products from this region are mainly sent to Yangon which distributes them to other regions. The chilli peppers from Kyaunggon are of good quality, so the demand for these products has also risen. Currently, the price for 10 viss of dried chilli peppers is about K99,000," said Daw San Htay, a trader from Kyaunggon Township.

The sale of high-quality dried chilli peppers from Kyaunggon Township to the Yangon market has provided job opportunities for farmers, workers, traders, and business owners in the region.

Kyaw Kyaw Lin

# Trump says tariffs on Mexico, Canada to "go forward"

**Washington February 25**

U.S. President Donald Trump said on Monday that tariffs on Mexico and Canada will "go forward."

When asked about an upcoming deadline for tariffs on Mexico and Canada, Trump told reporters at a joint press conference with French President Emmanuel Macron at the White House that "the tariffs are going forward."

"We're on time with the tariffs, and it seems like that's moving along very rapidly," Trump said. "Now the tariffs are going forward, on time, on schedule."

Trump again claimed that "we've been mistreated very badly by many countries, not just Canada and Mexico. We've been taken advantage of."

"All we want is reciprocal. We want reciprocity. We want to have the same, so if somebody charges us, we charge them," Trump said.

On Feb. 1, Trump signed an executive order to impose a 25 percent tariff on goods imported from Mexico and Canada, with a 10 percent tariff increase specifically for Canadian energy products.

Xinhua

# Libyan, Somali leaders discuss cooperation on investment, education

**Tripoli February 25**

President of the Libyan Presidency Council Mohamed Menfi emphasized the importance of Libya-Somalia cooperation during a press conference on Monday following talks with visiting Somali President Hassan Sheikh Mohamud.

The two countries signed several cooperation memoranda covering investment, training, and education, according to Menfi.

"We affirm our support for Somalia as well as Somalia's important role during this period and our cooperation in international forums and organizations," Menfi said.

He highlighted coordination opportunities through shared memberships in the Arab League, the African Union, and the United Nations, noting Somalia's current position as a non-permanent UN Security Council member representing Africa alongside Algeria and Sierra Leone.

Menfi expressed hope for Somalia's support regarding Libya's territorial integrity, stability, and future parliamentary and presidential elections.

Mohamud underscored the historic relations between the two nations, pledging Somalia's support for Libya.

Earlier on Monday, Libyan Prime Minister Abdul Hamid Dbeibah met with Mohamud to discuss bilateral ties and regional issues.

Xinhua

# 94,000 viss of hilsa fish shipped from Mawlamyinekyun Township to Yangon last month


Hilsa fish seen at a market.

**Mawlamyinekyun February 25**

In January, Mawlamyinekyun Township in the Ayeyarwady Region shipping 94,000 viss of hilsa fish to Yangon, according to Daw Le Le, a business owner at the Mawlamyinekyun Township aquatic products trading center.

In December 2024, Mawlamyinekyun Township transported 72,000 viss of hilsa fish to the Yangon market. However, from January 1 to 31, 2025, the township shipped 94,000 viss of hilsa fish. It is reported that the Yangon market has been actively purchasing hilsa fish from this region.

Daw Le Le stated, "We have been regularly and smoothly transporting locally produced aquatic products to Yangon. Yangon is a major market for hilsa fish. In the past month, we shipped 94,000 viss of hilsa fish. The price of the hilsa fish varies depending on its freshness, size, and weight. Currently, there is a high demand for hilsa fish. The hilsa fish transported from our region is not only sold in local markets but also re-transported to other regions."

The prices of hilsa fish exported from Mawlamyinekyun Township vary based on size: small hilsa fish are priced at 19,500 kyat per viss, medium-sized hilsa fish range from 25,000 to 35,500 kyat per viss, and large hilsa fish range from 55,000 to 75,000 kyat per viss. The consistent trade and export of hilsa fish have been beneficial for fishermen, small-scale business owners, trading center operators, merchants, and transport service providers. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Monywa District completes cultivation of more than 1,000 acres of lima bean

**Monywa February 25**

Statistics of Monywa District Agriculture Department stated that a total of 1,414 acres of lima bean has been planted in Monywa District of Sagaing Region this cold season.

Local farmers started cultivation of lima bean in October 2024 and they have so far planted 1,414 acres of crops against the target of 1,480 acres.

The Head of Monywa District Agriculture Department explained: “Local authorities earmarked cultivation of 1,480 acres of lima bean but farmers could grow 1,414 acres of crops. They are trying hard to meet the target cultivation with the help of the relevant Agriculture Department. Lima beans are thriving in Monywa District. Local farmers grow the crops to fetch good prices.”

So far, local farmers have planted 962 acres of lima bean in Monywa Township, 77 acres in Budalin Township and 375 acres in ChaungU Township.

In 2024-25 cold season, authorities set plans to grow lima bean on 995 acres of croplands in Monywa Township, 85 acres in Budalin Township and 400 acres in ChaungU Township.

Some farmers cultivation lima bean as separate crops in Monywa District last monsoon but some farmers grow it as mixed crops to earn increased incomes.

Officials from relevant Agriculture Departments in Monywa District help local farmers use quality seeds and agricultural technologies with preventive measures of pests and making natural pests.

206


A lima bean plantation.

# More than 2,000 acres of green gram planted in ChaungU Township

**ChaungU February 25**

During the winter crop planting season in ChaungU Township of Sagaing Region, a total of 2,365 acres of green gram have been cultivated, according to records from the ChaungU Township Department of Agriculture.

For the 2024-2025 winter crop season, the township had initially planned to cultivate 2,350 acres of green gram. Planting began in October 2024, and as of today, a total of 2,365 acres have been successfully cultivated.

"The planned cultivation area for green gram in ChaungU Township was 2,350 acres, but we have exceeded this target, reaching 2,365 acres. There will be awareness programmes on expanding cultivation and using high-quality seeds to improve yield," said Daw Khin Myat Myat Oo, the head of the ChaungU Township Department of Agriculture.

The department is supporting green gram farmers by providing guidance on using high-quality, regionally suitable seeds, adopting proper planting techniques, preventing pest infestations, applying fertilizers correctly, and improving overall crop productivity.

Furthermore, to ensure high yield and quality for various pulse crops this season, collaboration with farmers is ongoing. Efforts include providing high-quality seeds, necessary inputs, and training on post-harvest techniques. 206


A thriving green gram plantation.

# Farmers finish cultivation of more than 4,000 acres of black gram in Kawlin District

**Kawlin February 25**

Local farmers have planted 4,890 acres of black gram in Kawlin District of Sagaing Region, according to the Kawlin District Agriculture Department.

They have so far planted 4,890 acres of black gram exceeding the target of 3,982 acres in 2024-25 cold season.

U Thein Win, Head of Kawlin District Agriculture Department commented: “Local authorities earmarked cultivation of 3,982 acres of black gram this cold season but farmers exceeded cultivation of crops on 4,890 acres of crops so far. Our department helped local farmers prevent pests and apply advanced agricultural techniques to boost per-acre yield.”

So far, they have planted 3,734 acres of black gram in Kawlin Township, 203 acres in Wuntho Township and 953 acres in Pinlebu Township, totalling 4,890.

This cold season, Kawlin Township earmarked 3,650 acres of black gram, Wuntho Township 10 acres and Pinlebu Township 322 acres, totalling 3,982.

Officials of relevant Township Agriculture Departments raise farmer awareness of using quality seeds of crops, agricultural techniques, prevention of pests and systematic broadcasting of fertilizers.

This year, officials from relevant department cooperate with local farmers to provide quality seeds of crops, inputs, post-harvest technology to increase per-acre yield of crops.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက ပြင်သစ်ထံမှ Rafale-M တိုက်လေယာဉ် ၂၆ စင်း ဝယ်ယူရေးအတွက် ညှိနှိုင်းမှုများဆောင်ရွက်နိုင်ခဲ့



အိန္ဒိယနိုင်ငံသည် ပြင်သစ်နိုင်ငံထံမှ Rafale-M တိုက်လေယာဉ် ၂၆ စင်းဝယ်ယူရေးအတွက် ညှိနှိုင်းမှုများ အောင် မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖေဖော်ဝါရီ ၂၃ ရက်က ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိ Rafale-M တိုက်လေယာဉ်များကို ပြင်သစ်ထံမှ ဝယ်ယူရေးသဘောတူညီမှုတစ်ရပ်ဖြစ်ပြီး ပြေီလတွင် အိန္ဒိယနိုင်ငံသို့ ပြင်သစ်ကာကွယ်ရေးဝန်ကြီး တရားဝင်အလည်အပတ်ခရီးစဉ်အတွင်းလက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Rafale-M တိုက်လေယာဉ်များဝယ်ယူခဲ့ခြင်းသည် အိန္ဒိယရေတပ်၊ လေယာဉ်တင်သင်္ဘောများ၏ လေကြောင်းစွမ်းအားခိုင်မာအားကောင်းစေရန်အတွက် အရေးကြီးသောလုပ်ဆောင်ချက် တစ်ရပ်လည်းဖြစ်သည်။ ဤအဆင့်မြင့် တိုက်လေယာဉ်များကို အိန္ဒိယနိုင်ငံ၏ INS Vikrant နှင့် INS Vikramaditya လေယာဉ်တင်သင်္ဘောများပေါ်တွင် တပ်ဖြန့်အသုံးပြုသွားမည်ဖြစ်ပြီး အင်ဒို-ပစိဖိတ်ဒေသတွင် အိန္ဒိယရေတပ်၏ စစ်ရေးစွမ်းအားစုများကို သိသိသာသာ မြင့်မားကောင်းမွန်စေမည်လည်းဖြစ်သည်။

အိန္ဒိယနိုင်ငံက ဝယ်ယူခဲ့သော Rafale-M တိုက်လေယာဉ်များတွင် တစ်ယောက်မောင်း ၂၂ စင်းနှင့် အမောင်းသင်တိုက်လေယာဉ်ဖြစ်သောနှစ်ယောက်မောင်းဗားရှင်း လေးစင်း ပါဝင်ကြောင်း သိရသည်။ အဆိုပါတိုက်လေယာဉ်များသည် လက်ရှိ အိန္ဒိယရေတပ်ရှိလေယာဉ်တင်သင်္ဘောများတွင် တင်ဆောင်အသုံးပြုနေသည့် ရုရှားနိုင်ငံထုတ် MiG-29K တိုက်လေယာဉ်များနေရာ၌ အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ ဝယ်ယူရေး သဘောတူညီချက်တွင် Uttam ရေဒါနှင့် Astra ဒုံးကျည်များကဲ့သို့သော ပြည်တွင်းထုတ် စစ်လက်နက်၊ နည်းပညာများကို ပေါင်းစပ်ထည့်သွင်းအသုံးပြုရန် မျှော်လင့်ထားပြီး အိန္ဒိယနိုင်ငံ၏ကာကွယ်ရေးတွင် မိမိကိုယ်ကိုအားကိုးရန် တွန်းအားပေးလုပ်ဆောင်ချက်နှင့်အညီ ကြိုးပမ်းလာမှုတစ်ရပ်လည်းဖြစ်သည်။ လေတပ်သုံး Rafale နှင့် ရေတပ်သုံး Rafale-M တိုက်လေယာဉ်များသည် တူညီသော စွမ်းဆောင်ရည်များရှိနေပြီး METEOR နှင့် Astra Mk I ဒုံးကျည်များကို တင်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိကြသည်။

Rafale-M တိုက်လေယာဉ်သည် ပြင်သစ်နိုင်ငံ Dassault Rafale ကုမ္ပဏီထုတ် ရေတပ်သုံးလေယာဉ်တစ်မျိုးဖြစ်ပြီး လေယာဉ်တင်သင်္ဘောများတွင် တင်ဆောင်တိုက်ပွဲဝင်နိုင်ရန်အတွက် အထူးရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် ယူရို ၇ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ Rafale တိုက်လေယာဉ် ၃၆ စင်းဝယ်ယူရန်အတွက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ဤသဘောတူညီချက်သည် အိန္ဒိယလေတပ်အတွက် အရေးပါသော လေကြောင်းစွမ်းအားဖြည့်တင်းရေးတစ်ရပ်ဖြစ်ခဲ့ပြီး အဆင့်မြင့် ဘက်စုံသုံးတိုက်လေယာဉ်များ ပိုင်ဆိုင်ထားနိုင်ခဲ့သည်။ Rafale-M တိုက်လေယာဉ်များအတွက် လက်ရှိညှိနှိုင်းမှုများသည် INS Vikrant ကဲ့သို့သောအိန္ဒိယ၏ လေယာဉ်တင်သင်္ဘောများနှင့် တိုက်လေယာဉ်များပေါင်းစပ်ဖြန့်ကြက်နိုင်မှုအပေါ် အလေးပေးကာ ရေတပ်လေကြောင်းစွမ်းအား မြင့်မားကောင်းမွန်စေရေးအပေါ် အာရုံစိုက် လုပ်ဆောင်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံထံမှ Rafale-M တိုက်လေယာဉ်များဝယ်ယူရန် သဘောတူညီချက်သည် အိန္ဒိယနိုင်ငံ၏ ရေကြောင်းလုံခြုံရေးအတွက် မဟာဗျူဟာမြောက် သက်ရောက်မှုများရှိနေသည်။ ပင်လယ်ရေကြောင်းလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံ၏ စီးပွားရေးအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အင်ဒို-ပစိဖိတ်ဒေသ၏ အဓိကကျသော အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံ၏ ရပ်တည်ချက်ကိုခိုင်မာစေရန်အတွက် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

**India and France Finalize Negotiations for €7 Billion Rafale-M Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားက KF-21 Boramae တိုက်လေယာဉ်၏ နှစ်ယောက်မောင်းရှေ့ပြေးပုံစံကို စမ်းသပ်ပျံသန်း

တောင်ကိုရီးယားနိုင်ငံသည် Korea Aerospace Industries (KAI) ကုမ္ပဏီထုတ် KF-21 Boramae တိုက်လေယာဉ်၏ နှစ်ယောက်မောင်းရှေ့ပြေးပုံစံ KF-21-004 ကို Sacheon လေတပ်စခန်း၌ စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

KF-21 Boramae တိုက်လေယာဉ်သည် စမ်းသပ်ထုတ်လုပ်နေဆဲဖြစ်သော တောင်ကိုရီးယားလေတပ်၏ KF-X အလယ်အလတ်တန်းစား တိုက်လေယာဉ်စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တည်ဆောက်ထုတ်လုပ်နေဆဲ စတုတ္ထမျိုးဆက်လွန် စူပါဆောနစ်တိုက်လေယာဉ်အမျိုးအစားလည်း ဖြစ်သည်။ အဆိုပါစီမံကိန်းကို တောင်ကိုရီးယားနိုင်ငံ၏ ကိုယ်ပိုင်တိုက်လေယာဉ်များ တီထွင်နိုင်စေရန်နှင့် F-4 Pha-ntom II နှင့် KF-5 Gaegoho ကဲ့သို့သော သက်တမ်းကြာမြင့်နေပြီဖြစ်သော တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုနိုင်စေရန် ရည်ရွယ်လုပ်ဆောင်လာခြင်းဖြစ်သည်။

ယခုစမ်းသပ်ပျံသန်းမှုအတွင်း တောင်ကိုရီးယားလေတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Lee Young-su နှင့် စမ်းသပ်မောင်းနှင်ရေးလေယာဉ်မှူးဗိုလ်မှူး Woo Hong-gyun တို့သည် လေယာဉ်၏ထိန်းကျောင်းရေးစနစ်များနှင့် လေကြောင်းနည်းပညာဖွဲ့စည်းတည်ဆောက်မှုအပေါ် အကဲဖြတ်ဆန်းစစ်ခဲ့ကြသည်။ အဆိုပါပျံသန်းမှုတွင် အမြင့်ပေ မီတာ ၄၅၀၀ ခန့်၊ တောင်ပိုင်းကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နာရီကီလိုမီတာ ၁၀၀၀ ကျော် အလျင်နှုန်းဖြင့် လေ့ကျင့်မောင်းနှင်မှုများ ပြုလုပ်ခဲ့ကြသည်။ စမ်းသပ်မှုတွင် KF-16 တိုက်လေယာဉ်နှင့်အတူ အုပ်စုဖွဲ့ပျံသန်းခြင်းများပါဝင်ပြီး တောင်ကိုရီးယားလေတပ်လက်ရှိပိုင်ဆိုင်ထားသော KF-21 တိုက်လေယာဉ်များ၏ နည်းဗျူဟာမြောက်စစ်ဆင်ရေးစွမ်းဆောင်ရည်များကို သရုပ်ပြသနိုင်ခဲ့သည်။

ပြည်တွင်းထုတ် ရေဒါကို Hanwha Systems ကုမ္ပဏီနှင့် ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက တီထွင်ထုတ်လုပ်ပေးထားပြီး လက်တွေ့စမ်းသပ်ပျံသန်းမှုတွင် အကဲဖြတ်ဆန်းစစ်နိုင်ခဲ့သည်။ KF-21 ဒီဇိုင်းတွင် ကိုယ်ပျောက်စွမ်းရည်ရရှိစေရန် Flush အင်တင်နာအမျိုးအစားများ၊ S-Duct အင်ဂျင်ခန်း၊ အပြားလိုက်လေယာဉ် ကိုယ်ထည်နှင့် တစ်ပိုင်းဖော်၊ တစ်ပိုင်းမြှုပ်ထားသော လက်နက်တပ်ဆင်ခန်းတို့ဖြင့် ဖွဲ့စည်းပေးထားသည်။



တိုက်လေယာဉ်တွင် M61A2 20mm Vulcan စက်သေနတ်တပ်ဆင်ထားပြီး AIM-9X၊ AIM-120၊ SDB၊ CBU-105 WCMD၊ JDAM၊ LJDAM၊ LGB၊ AGM-65၊ AGM-84၊ KEPD 350 Taurus၊ IRIS-T၊ MBDA Meteor ဒုံးကျည်များနှင့်အတူ ပြည်တွင်းထုတ် Cheonryong ဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤတိုးတက်ဖွံ့ဖြိုးမှုများသည် KF-21 တိုက်လေယာဉ်၏ ဘက်စုံအသုံးပြုနိုင်မှု အခန်းကဏ္ဍနှင့် ဈေးကွက်ချဲ့ထွင်နိုင်မှုကို မြင့်မားကောင်းမွန်စေလိမ့်မည်ဖြစ်သည်။ ထိုင်ခုံနှစ်လုံးပါ နှစ်ယောက်မောင်း ကနဦးရှေ့ပြေးပုံစံလေယာဉ် KF-21-004 ကို စမ်းသပ်ပျံသန်းနိုင်ခဲ့မှုသည် KF-21 တိုက်လေယာဉ်၏ စွမ်းဆောင်ရည်နှင့် ဘေးကင်းလုံခြုံစွာ လုပ်ဆောင်နိုင်စွမ်းရှိမှုကို သက်သေပြချက်တစ်ရပ် ဖြစ်ကြောင်း သိရသည်။

**South Korea's KF-21 Boramae twin-seater fighter jet steps closer to deployment following latest test flight ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူမြို့နယ်တွင် စပါးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၀ ဒသမ ၀၅တင်းထွက်ရှိ



**ကန့်ဘလူ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၀၅ တင်းထွက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၀၉၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့်စပါးစိုက်ခင်းများကို ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ စပါး ၁၅၀၉၅၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးခဲ့ပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်ဆီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် စပါးစိုက်တောင်သူများကိုတစ်ဧကပေါ်တိုင် အထွက်နှုန်း ရရှိအောင်စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စပါးများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ခနောဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ခနောဖြူ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ခနောဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ခနောဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ခနောဖြူမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပေါ်ဆန်းဆန်၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ၃၁ ရက်ထိ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ပေါ်ဆန်းဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ခနောဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ခနောဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။



**ကျော်ကျော်လင်း**

# ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်၊ ဒက္ခိဏသီရိမြို့နယ် ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ရှိသူများက ရဲဒိကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ရဲဒိကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေများတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သိန်း၃၀၀ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို ရန်ပုံငွေကျပ် ၅၆၅သိန်းထိ ထုတ်ချေးထားနိုင်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပဋိပက္ခများသည် မြေအရင်းအမြစ်များကိုအသုံးချမှုနှင့် ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ်ဖွံ့ဖြိုးလာရန် အရေးကြီး





**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အမျိုးသား မြေအသုံးချမှုကောင်စီ သတ္တမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်တင့်၊ ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားမြေအသုံးချမှုကောင်စီ အထောက်အကူပြုလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက မြေအရင်းအမြစ်များသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားဝတ်နေရေးအတွက် အခြေခံကျသော အဓိကအရင်းအမြစ်များဖြစ်သကဲ့သို့ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဆက်နွှယ်နေသည့် အရင်းအမြစ်တစ်ခုလည်းဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပဋိပက္ခများသည် မြေအရင်းအမြစ်များကိုအသုံးချမှုနှင့် ဆက်စပ်လျက်ရှိသောကြောင့် ပြည့်စုံကောင်းမွန်သော မြေအသုံးချမှုစနစ်ဖွံ့ဖြိုးလာရန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို အများပြည်သူပါဝင်မှုနှင့်ရေးဆွဲပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံတွင် မြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့်ဥပဒေ ၅၃ ခုရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေများအချင်းချင်း ဝိရောဓိဖြစ်နေခြင်း ခေတ်စနစ်နှင့်မကိုက်ညီခြင်းများကို ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအလိုက် ပြဋ္ဌာန်းဥပဒေများကို လေ့လာဆန်းစစ်ပြီး ဥပဒေများအချင်းချင်းသဟဇာတဖြစ်စေရေးနှင့် အဆိုပါဥပဒေများကိုလွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲပြုစုခြင်း အချိန်ကာလသတ်မှတ်ချက်ကို ၂၀၂၃ခုနှစ် ဩဂုတ်လမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလထိ ၁၅ လ လျာထားသတ်မှတ်ထားပြီး ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် အမျိုးသားမြေဥပဒေမူကြမ်းအဆင့်ထိရောက်ရှိလာပြီဖြစ်ပါကြောင်းနှင့် ဥပဒေမူကြမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဆဋ္ဌမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲပြုစုနေသည့်အခြေအနေများကိုလည်းကောင်းရှင်းလင်းတင်ပြကြပြီး မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ် ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့်မြေအသုံးချမှုဆိုင်ရာနည်းပညာအကြံပေးအဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက တွေ့ကြုံရသော မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားမြေဥပဒေမူကြမ်းအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များ၊ အမျိုးသားမြေပုံစနစ်ရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် မြေအသုံးချမှုနှင့် သက်ဆိုင်သောစာရင်းနှင့် သတင်းအချက်အလက်များဆိုင်ရာကိစ္စရပ်များ၊ မြေအသုံးချမှု ရွှေ့ပြောင်းစီမံကိန်းရေးဆွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌက အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ အဓိကလုပ်ငန်းတာဝန်တစ်ခုဖြစ်သော အမျိုးသားမြေဥပဒေမူကြမ်းအပေါ် အဖွဲ့ဝင်များအကြားချပြဆွေးနွေးနိုင်ခဲ့ပြီဖြစ်သဖြင့် ဆွေးနွေးချက်များအပေါ်အခြေခံ၍ အမျိုးသားမြေဥပဒေပြဋ္ဌာန်းနိုင်ရေး ဆက်လက်လုပ်ဆောင်သွားကြရန်နှင့် စနစ်ကျ၍ ထိရောက်ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များပေါ်ထွန်းလာစေရေးအတွက် လုပ်ငန်းတာဝန်များကို ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်(မူ၊လယ်၊ထက်)ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် တည်မြဲလုပ်ထုံးလုပ်နည်း(SOP)များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ CPU အဖွဲ့ဝင်များအနေဖြင့် မိမိတို့ဌာန၏လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး အဂတိလိုက်စားမှုကို လျှော့ချကာကွယ်တားဆီးနိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစားပေးစေလိုကြောင်း၊ သို့မှသာ အဂတိလိုက်စားမှုကင်းစင်သော ပညာရေးအသိုက်အဝန်းကို တည်ထောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက လူငယ်များအား လူတော်လူကောင်းများဖြစ်လာစေရန် အခြေခံစာရိတ္တမဏ္ဍိုင်ကို ကျောင်းများမှစတင်ရမည်ဖြစ်၍ ဖြောင့်မတ်တည်ကြည်မှုသင်ခန်းစာများအား ဆရာ၊ ဆရာမများအနေဖြင့် ထိရောက်စွာသင်ကြားပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူးက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ် (မူ၊ လယ်၊ ထက်) ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်ဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းရင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး ဦးဆောင်၍ ပညာရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CPU)များနှင့် တွေ့ဆုံဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထိရောက်သောလူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ညစာဖြင့် တည်ခင်းဧည့်ခံ




**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် ထိရောက်သောလူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lakeview resort ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့်အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးပို့ချကြမည့် သင်တန်းနည်းပြများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလုပ်ရုံဆွေးနွေးပွဲသို့ လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ဂျပန်နိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ အာဆီယံပြန်ကြားရေးကဏ္ဍနှင့် မြန်မာနိုင်ငံတော်မီဒီယာ Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အစိုးရ၏ဆက်သွယ်ညှိနှိုင်းပြောဆိုရေးကဏ္ဍတွင် အရည်အသွေးနှင့်ထိရောက်မှုကိုမြှင့်တင်ရန် တူညီသောကတိကဝတ်များဖြင့် စည်းလုံးညီညွတ်စွာဖြင့် အာဆီယံဒေသအတွင်းရှိလုပ်ဖော်ကိုင်ဖက်များအားလုံး ယခုနေရာတွင် တစ်စုတစ်ဝေးတည်း ဆုံတွေ့ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အစိုးရများနှင့် ၎င်းတို့၏ ပြည်သူလူထုကို ချိတ်ဆက်ပေးသည့် ပေါင်းကူးတံတားတစ်ခုသဖွယ်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်၊ ယုံကြည်မှုကို မြှင့်တင်ရန်နှင့် ပိုမိုခိုင်မာသောလူမှုအသိုင်းအဝိုင်းများ တည်ဆောက်ပေးရန် ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် အများပြည်သူနှင့် ထိရောက်စွာဆက်သွယ်နည်း၊ အကျပ်အတည်းများကို စီမံခန့်ခွဲနည်းစနစ်များနှင့် အစိုးရဌာနများ၏ သတင်းစကားများကို ရှင်းလင်းစွာဖြင့် ထိရောက်စွာ ပေးပို့သည့် နည်းစနစ်များကို လေ့လာသင်ယူသွားကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းဆရာများအနေဖြင့် ၎င်းတို့၏ကျွမ်းကျင်မှုများကို မျှဝေပေးသွားမည်ဖြစ်ပြီး တက်ရောက်လာကြသူများအား ပြောရေးဆိုခွင့်ရှိသူများအဖြစ် သက်ဆိုင်ရာ အခန်းကဏ္ဍအသီးသီးတွင် အသုံးချနိုင်မည့် အဖိုးတန်သည့် လက်တွေ့လေ့ကျင့်ခန်းများ၊ နည်းစနစ်များစသည်တို့ကို သင်ကြားပြသပေးသွားမည်ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်ပြုချက်ကို သက်သေပြလျက်ရှိပါကြောင်း။

ဆက်သွယ်ညှိနှိုင်းပြောဆိုမှုအခန်းကဏ္ဍသည် သတင်းအချက်အလက်များကို မျှဝေရုံအတွက်သာမက ပိုမိုသာလွန်သည့် အပြန်အလှန်ဆွေးနွေးမှု၊ စာနာမှုနှင့် အပြန်အလှန်နားလည်မှုများအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း၊ အချင်းချင်းအပြန်အလှန်သင်ယူခြင်း၊ အသိပညာနှင့် အတွေ့အကြုံများကိုဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ကိုမွေးမြူခြင်းဖြင့် နိုင်ငံတော်အစိုးရအသီးသီးသည် လူထုနှင့်ပိုမိုထိရောက်စွာချိတ်ဆက်နိုင်ပြီး ထိတွေ့ဆက်ဆံနိုင်မှုစွမ်းရည်ကို အားကောင်းလာစေနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ပြီး ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက အာဆီယံနိုင်ငံများအလိုက် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ဖော်ကျူးရေးစပ်ထားသည့် တေးသီချင်းနှင့်တွဲဖက်၍ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် သင်တန်းနည်းပြဆရာ Mr.V Cyril Demitrius Pereira တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များကို ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ နှင့် ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့သွားရောက်၍ ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများ၊ အခြားအဖိုးတန်ကျောက်မျက်ရတနာများနှင့် ပြခန်းအောက်ထပ်ရှိ ကျောက်မျက်ရတနာအရောင်းဆိုင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



---

🏳 **ရှေ့ဖုံးမှအဆက်**

အမှတ်(၂၇) အဆန်လူစီးရထားများအား လေအိတ်ရထားတွဲဆိုင်းဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အမှတ်(၇) အဆန်လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားသည် နံနက် ၆ နာရီတွင် ရန်ကုန်ဘူတာမှစတင်ထွက်ခွာရာ နံနက်၁၁ နာရီခွဲ၌ နေပြည်တော်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၇) အဆန်လေအိတ်ရထားသည် မွန်းလွဲ ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ၅ နာရီ၌ ဆိုက်ရောက်မည်ဖြစ်သည်။

ထို့အတူ အမှတ်(၂၈) အစုန်လေအိတ်ရထားသည် နံနက် ၆ နာရီတွင် မန္တလေးဘူတာမှစတင်ထွက်ခွာပြီး နံနက် ၁၁ နာရီ၌ နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ဖြစ်ကာ အမှတ်(၈) အစုန်လေအေးပေးစက်ပါရှိသောခေတ်မီ DEMU ရထားသည် မွန်းလွဲ ၁၂နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာ၍ညနေ ၅ နာရီခွဲ၌ ရန်ကုန်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်သည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်း၌ စတင်ပြေးဆွဲမည့် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွင် ပထမတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်းတွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော်-မန္တလေးပြေးဆွဲမည့်လေအိတ်ရထားခရီးစဉ်အတွက် ရိုးရိုးတန်း လေးတွဲ၊ အထက်တန်း နှစ်တွဲ စုစုပေါင်း တွဲဆိုင်း ခြောက်တွဲဖြင့် ခရီးသည် ဦးရေ ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

လက်မှတ်ခန့်မှန်းထားအနေဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် အမှတ်(၇)အဆန်၊ (၈) အစုန်လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွင် ပထမတန်းငွေကျပ် ၁၉၀၀၀၊ အထက်တန်းငွေကျပ် ၂၈၀၀၀ နှင့် မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေးခရီးစဉ်အတွက် အမှတ်(၂၇)အဆန်၊ (၂၈)အစုန်လေအိတ်ရထားတွင် ရိုးရိုးတန်း ငွေကျပ် ၇၀၀၀၊ အထက်တန်းငွေကျပ် ၁၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည်များအနေဖြင့် ရန်ကုန်-မန္တလေးနှင့် မန္တလေး-ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း၊ ရိုးရိုးတန်း ငွေကျပ် ၂၆၀၀၀၊ အထက်တန်း ငွေကျပ် ၃၉၀၀၀ ဖြစ်ကာ လက်မှတ်များကို သုံးရက် ကြိုတင်ရောင်းချပေးသွားမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် အဆိုပါလေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားနှင့် လေအိတ်ရထားများအား နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီးရန်ကုန်-မန္တလေးခရီးစဉ် တစ်လျှောက်ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ်အစအဆုံးဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ပြေးဆွဲချိန် ၁၁ နာရီသာကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် လေအေးပေးစက်ပါရှိသောခေတ်မီ DEMU ရထားပြေးဆွဲချိန်သည် ၅ နာရီခွဲကြာမြင့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်-နေပြည်တော်-ရန်ကုန်(လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထား)နှင့်**
**မန္တလေး-နေပြည်တော်-မန္တလေး (လေအိတ်ရထား) ခရီးစဉ်အချိန်စာရင်း**

| ရထား | ရန်ကုန် (DEMU) | ပဲခူး (DEMU) | ဖြူး (Phyu) | တောင်ငူ (DEMU) | နေပြည်တော် (DEMU/လေအိတ်) | သာစည် (လေအိတ်) | မန္တလေး (လေအိတ်) |
|---|---|---|---|---|---|---|---|
| အမှတ်(၇)အဆန် | ၀၆:၀၀ | ၀၇:၀၀<br>၀၇:၀၃ | ၀၈:၅၉<br>၀၉:၀၂ | ၀၉:၄၀<br>၀၉:၄၃ | ၁၁:၃၀ | | |
| အမှတ်(၂၇)အဆန် | | | | | ၁၂:၀၀ | ၁၄:၂၈<br>၁၄:၃၁ | ၁၇:၀၀ |

| ရထား | မန္တလေး (လေအိတ်) | သာစည် (လေအိတ်) | နေပြည်တော် (လေအိတ်/DEMU) | တောင်ငူ (DEMU) | ဖြူး (Phyu) | ပဲခူး (DEMU) | ရန်ကုန် (DEMU) |
|---|---|---|---|---|---|---|---|
| အမှတ်(၂၈)အစုန် | ၀၆:၀၀ | ၀၈:၃၁<br>၀၈:၃၄ | ၁၁:၀၀ | | | | |
| အမှတ်(၈)အစုန် | | | ၁၂:၀၀ | ၁၃:၄၅<br>၁၃:၄၈ | ၁၄:၂၆<br>၁၄:၂၉ | ၁၆:၃၀<br>၁၆:၃၃ | ၁၇:၃၀ |
| အကွာအဝေး (မိုင်) | | | | | | | |

# “မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ်(၂၀၂၄) မြန်မာနိုင်ငံ” ပန်းချီအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေး



မန္တလေး ဖေဖော်ဝါရီ ၂၅

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၄) အစီအစဉ်ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)က ဆောင်ရွက်သည့် “မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ် (၂၀၂၄)မြန်မာနိုင်ငံ” ပန်းချီအနုပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် ပုဂံမြို့ရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဲ့နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာနိုင်ငံဆိုင်ရာ ရာတွင် မဲခေါင်ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့၏ ရိုးရာပန်းချီများကို ကာကွယ်ပေးရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံအသီးသီးမှ အနုပညာရှင်များ၏ မတူညီသောရသများ၊ စိတ်ကြိုက်ပန်းချီကားများနှင့် ပန်းချီကားများအကြောင်း၊ ပုဂံမြေပေါ်တွင် မဲခေါင်ဒေသနိုင်ငံများမှ ပန်းချီအနုပညာရှင်များ၏ ယနေ့ခေတ်ပြိုင်လက်ရာများကို လေ့လာကြည့်ရှုလျက် ပိုမိုခံစားနိုင်မည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ ပွဲများကျင်းပပေးခြင်းဖြင့် လူငယ်ပန်းချီအနုပညာရှင်များ အချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်း ယဉ်ကျေးမှုနယ်မြေ၌ လက်တွေ့ကွင်းဆင်း ပန်းချီများ ဖန်တီးခြင်း၊ ရိုးရာပန်းချီ အနုပညာဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ ပန်းချီအနုပညာပြပွဲ ခင်းကျင်းပြသခြင်း၊ ယဉ်ကျေးမှုလေ့လာရေးခရီးစဉ်သွားရောက်ခြင်း စသည့်လုပ်ငန်းစဉ်လေးရပ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားနှင့် ညပိုင်းတွင် ညစာစားပွဲ အခမ်းအနားများ ကျင်းပခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုဂံမြို့ဟောင်းသရပါတံခါးသို့ရောက်ရှိပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် Drain တူးဖော်ခြင်းလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်နေမှု၊ Box Curvent တည်ဆောက်နေမှုလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့မှ ပါမောက္ခချုပ်များ၊ ပန်းချီပညာဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မဲခေါင်း-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ပန်းချီပညာရှင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ပန်းချီပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပန်းချီအနုပညာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြပွဲတွင် ပန်းချီအနုပညာရှင် ၂၈ ဦး၏ စိတ်ကြိုက်ပန်းချီကား ၂၉ ကား၊ Outdoor ပန်းချီကား ၂၆ ကားတို့ကို ရေဆေး၊ ဆီဆေး၊ acrylic medium digital artwork များဖြင့် ပြသထားမှုများ၊ သမိုင်းတန်ဖိုး၊ အနုပညာတန်ဖိုးကြီးမားလှသည့် ပုဂံရှုခင်းအလှများကို Outdoor Painting ဖြင့် ရေးဆွဲပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ပန်းချီပညာရှင်များက ပုဂံ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တာဝန်ရှိသူများက ခန်းမအဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ခန်းမအတွင်း၊ အပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ဝင်းရပ်(၃)ကွက် ဖောင်တော်ဆိပ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ(Inn National League Party)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ အလံပုံစံ**

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ တံဆိပ်ပုံစံ**

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ

INLP

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ထုတ်ယူနိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

၁။ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသောစာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် ကြာသပတေးနေ့မှစ၍ထုတ်ယူကြရပါမည်။

( ခ ) အခြေခံပညာအထက်တန်းကျောင်း၊(ကျောင်းခွဲ)နှင့်(တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

( ဂ ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

ရက်စွဲ။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်။

# ကာယပညာနှင့်အားကစား နည်းပြမွမ်းမံသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်းတွင် ကျင်းပသည်။



ဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဒိုင်လူကြီးများ၊ ပညာရေးဒီဂရီကောလိပ်များမှ အားကစားနည်းပြဆရာ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နှစ်စဉ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းခြောက်မျိုးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းအတွက် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ပါဝင်ယှဉ်ပြိုင်ခြင်းမှသည် အနိုင်ရဗိုလ်စွဲရန် လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် စံချိန်သစ်များတင်နိုင်သည်အထိ ကြိုးစားလေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ ပညာရေးဒီဂရီကောလိပ် ဆရာ၊ ဆရာမများက အားကစားနည်းစနစ်မှန်ကန်စွာဖြင့် လေ့ကျင့်သင်ကြားပေးနိုင်မှသာ အခြေခံပညာတွင် အားကစားထူးချွန်သည့် ဆရာ၊ ဆရာမများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် ကိုယ်ကာယကြံ့ခိုင်ပြီး အားကစားထူးချွန်သည့် နိုင်ငံ့သားကောင်းမျိုးဆက်သစ်များကို ပြုစုပျိုးထောင်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း(၁/၂၀၂၅)ကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၉ ရက်ထိ လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်းတွင် ဒုတိယအကြိမ် မွမ်းမံသင်တန်းဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပြီး ပညာရေးဒီဂရီကောလိပ်များမှ အားကစားနည်းပြဆရာ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်လျက်ရှိကြပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အားကစားအခြေခံနည်းစနစ်များ၊ စည်းမျဉ်းစည်းကမ်းဥပဒေများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျောင်းသားများ ရှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ သင်တန်းများ နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း စာမေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၅ ရက်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၅ ကျောင်းနှင့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၅၆ ကျောင်း စုစုပေါင်း ၉၁ ကျောင်းတို့၌ ကျင်းပလျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်သင်တန်းများ နှစ်ဆုံးတတ်မြောက်မှုစစ်ဆေးခြင်း စာမေးပွဲကို အင်ဂျင်နီယာဘာသာရပ်များအလိုက် စာမေးပွဲခန်းအသီးသီးတွင် ကျောင်းသား၊ ကျောင်းသူများ ရှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုကို ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။





ထို့နောက် ဒုတိယဝန်ကြီးသည် အလုပ်ရုံများနှင့် ကျောင်းဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားလူငယ်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးလိုအပ်သည်များ မှာကြားပြီး စာမေးပွဲဖြေဆိုပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့် မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံကုန်းကျေးရွာရှိ သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အဆိုပါကျေးရွာရှိ အောင်မြေကံကျောင်းတိုက်၌လည်းကောင်း၊ လှည်းကူးမြို့နယ် ဝွေးတောင်အိုင်ကျေးရွာရှိ သံဃာတော်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၀၃ ဦးတို့ကို အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ပြည်ပ ဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၅-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ယနေ့နံနက် ၇ နာရီ ၁၀ မိနစ် စက္ကန့် ၃၀ အချိန်တွင် စစ်တွေမြေငလျင်စခန်းမှ အနောက်ဘက် ၂၅၁ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်ပ(Bay of Bengal) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၆၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၈၉ ဒသမ ၀၄ ဒီဂရီ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF တွေလား၊ဘာသာမဲ့အစွန်းရောက်တွေလား"**ခေါင်းစဉ်ဖြင့် ၂၆-၂-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင်**"အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




နေပြည်တော် ဖေဖော်ဝါရီ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၁ မျိုး၊လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၂၈၄၂၂၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၆၈၁၇၈၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. ShwePyi Phyo ရေယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၅၉၆၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂၄ ရက်၌ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး၌ မိုးကောင်းမြို့မှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် လေးစီးနှင့် မော်တော်ဆိုင်ကယ် သုံးစီးတို့ဖြင့် သယ်ဆောင်လာသည့် တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၇၂၈ ဂါလန်၊ ဓာတ်ဆီ ၇၃၂ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၀၀၀၀၀ နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် လေးစီးနှင့် မော်တော်ဆိုင်ကယ် သုံးစီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၇၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ခြောက်တခင်းရွာ ဘုရင့်နောင်လမ်းမကြီး၊ Ready Home Co.,Ltd. ၏ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၀၀၀၀၀ ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်း ရှိကမ်းနားဆိပ်၌ စုပုံထားသောအကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၇၅၀၀၀၀ ကို လည်းကောင်း၊ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၃)လမ်း အမှတ် ၁၅၉၆ ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၈၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၈၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၈၁၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၀၉၇၀၊ ချမ်းမြသာစည်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၂၁၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၉၄၅၊ အောင်မြေသာစံမြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၁၇၄ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၃၄၈ နှင့် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၂၅၅ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၁၆၁၁ တို့ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် တောင်ပြိုကျေးရွာ၌ တရားမဝင်အခြားသစ် ၂ ဒသမ ၁၀၀ တန်နှင့် ဆက်စပ်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀ နှင့် ပုသိမ်ကြီးမြို့နယ် ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် မီးသွေး ၉ ဒသမ ၄၄၄ တန် ခန့်မှန်းတန်ဖိုးငွေ ၁၈၈၈၈၈ ကျပ်၊ အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ တို့ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၃၅၇၆၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၃၀ မှ ခန့်မှန်းတန်ဖိုးငွေ ၃၁၄၀၆၃၁၇၆၂ ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## လျှပ်စီးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေ၊ လူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

☆ ကျောဖုံးမှအဆက်

ထို့ပြင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ယနေ့ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၆၈ ဦး၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ လွှဲပြောင်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှု မရှိစေရေးနှင့် အမြန်ဆုံးစနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၅၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၈၆၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။







အဆိုပါ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

**Mrs.Nguyen Sinh Nga**
**(ဗီယက်နမ်နိုင်ငံသူ)**

"အွန်လိုင်းကနေသိတဲ့ တရုတ်လူမျိုး Sai Cua က ထိုင်းနိုင်ငံမှာ Marketing အလုပ်လုပ်ရမယ်။ လူကိုယ်တိုင်တွေ့မှ လစာကိစ္စပြောမယ်လို့ ဆက်သွယ်လာတဲ့အတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ဗီယက်နမ်နိုင်ငံ Noi Bar လေဆိပ်ကနေ ဗန်ကောက်ကို လေယာဉ်နဲ့ ရောက်ရှိခဲ့ပါတယ်။ ဗန်ကောက်လေဆိပ်မှာထိုင်းလူမျိုး တစ်ဦးကလာကြိုပြီး မဲဆောက်ကိုပို့ပေးခဲ့ပါတယ်။ ပြီးတော့ ချောင်းတစ်ခုကို စက်လှေနဲ့ဖြတ်ကူးခဲ့ပါတယ်။ တစ်ဖက်ကမ်းရောက်တော့ အသင့်လာကြိုနေတဲ့ ကားနဲ့ မြဝတီမြို့ မေတ္တာလင်းမြိုင် ဧက ၁၀၀ ဆိုဒ်ထဲကို ရောက်ခဲ့ပါတယ်။ အဲ့ဒီဆိုဒ်ထဲက တရုတ်လူမျိုးပိုင် Dang Chu ကုမ္ပဏီမှာ အွန်လိုင်းကနေတစ်ဆင့် ကွန်ပျူတာနဲ့ Marketing လုပ်ရပြီး Customer တွေ ရှာဖွေပေးရပါတယ်။ တစ်လကို ဘတ် ၂၅၅၀၀ ရရှိခဲ့ပါတယ်"ဟု ပြောသည်။

**Mr. Qiau Ke Ji တရုတ်(တိုင်ပေ)**

"ကျွန်တော်က ပညာအရည်အချင်းကတော့ အထက်တန်းအောင်ဖြစ်ပါတယ်။ အရင်ကလည်း အွန်လိုင်းလိမ်လည်တဲ့ အလုပ်ကို လုပ်ခဲ့ဖူးပါတယ်။ အွန်လိုင်းကနေတစ်ဆင့် ဗန်ကောက်မြို့မှာ ရွှေမှောင်ခိုသယ်ရတဲ့ အလုပ်လုပ်ရမယ်၊ ဘတ် ၅၀၀၀၀ ရမယ်လို့ ဆက်သွယ်လာတဲ့အတွက် ၂၀၂၄ ခုနှစ် မတ် ၂၃ ရက်မှာ Tai Zhong လေဆိပ်ကနေ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ ထွက်လာခဲ့ပါတယ်။ ဗန်ကောက်မြို့က ဟိုတယ်တစ်ခုမှာ တစ်ညတည်းခိုပြီး ထိုင်းလူမျိုးတစ်ဦးရဲ့ ကားနဲ့ မဲဆောက်မြို့ကို ဆက်လက်ထွက်ခွာခဲ့ပါတယ်။ မဲဆောက်ကိုရောက်တော့ မြစ်ကိုစက်လှေနဲ့ကူးပြီး မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာ ဧက ၁၀၀ ဆိုဒ်ထဲကို ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ တရုတ်လူမျိုး Zhong Guo ပိုင်တဲ့ Huan Ya ကုမ္ပဏီမှာ အလုပ်ရခဲ့ပြီး အွန်လိုင်းကတစ်ဆင့် လိမ်လည်ရတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ လစာကတော့ ဘတ် ၁၂၅၀၀ ရခဲ့ပါတယ်" ဟု ပြောသည်။

**Mrs. Shi Rong Min(တရုတ်နိုင်ငံသူ)**

"ကျွန်မ ပညာအရည်အချင်းကတော့ တက္ကသိုလ်အဆင့်ပါ။ တရုတ်လူမျိုး တစ်ဦးက WeChat အကောင့်ကတစ်ဆင့် ထိုင်းနိုင်ငံမှာ ရွှေမှောင်ခိုသယ်ရမယ်၊ လစာ ကောင်းကောင်းရမယ်လို့ စည်းရုံးပြောဆိုခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှာ တရုတ်နိုင်ငံ Shi Bi Zian မြို့ကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ ထွက်လာခဲ့ပါတယ်။ ဗန်ကောက်မြို့ကို ရောက်တဲ့အချိန်မှာ ထိုင်းလူမျိုး တစ်ဦးက ကားနဲ့မဲဆောက်ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်ကို ရောက်တော့ မြစ်တစ်ခုကို စက်လှေနဲ့ ဖြတ်ကူးပြီး မြန်မာနိုင်ငံဘက်ခြမ်းကို ရောက်လာခဲ့ပါတယ်။ ပြီးတော့ မြဝတီမြို့ မေတ္တာလင်းမြိုင်ကျေးရွာ ဧက ၁၀၀ ဆိုဒ်ထဲက တရုတ်လူမျိုး Zhong Guo ပိုင်တဲ့ Huan Ya ကုမ္ပဏီမှာ အွန်လိုင်းကနေတစ်ဆင့် လိမ်လည်ရတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ လစာတော့ မရခဲ့ပါဘူး"ဟု ပြောသည်။ (၅၀၁)

# ကျောက်ပန်းတောင်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကျောက်ပန်းတောင်း မြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မျိုးမင်းဦးအား သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၇၀၀ တစ်ပြား လျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ကာလတန်ဖိုးငွေ ၅၇၄ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အေးလွင်အား ဆက်လက်ဖမ်းဆီးရမိခဲ့သည်။





အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အနောက်မြို့ပတ်လမ်းတွင် မုန်းမုန်း(ခ)ဇော်ဦး မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄ ကီလို တစ်ကီလိုလျှင် သိန်း ၁၁၀၀ နှုန်းဖြင့် ကာလတန်ဖိုးငွေကျပ်သိန်း ၂၆၄၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကိုမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးတွင် အခြေခံပညာကျောင်းတက်နေသည့် ကလေး နှစ်ဦးကို စစ်မှုထမ်းရန် အကြောင်းကြားခံရကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာမှ အခြေခံပညာကျောင်းတက်နေသည့် ကလေး နှစ်ဦးကို စစ်မှုထမ်းဆောင်ရန် အကြောင်းကြားခံရကြောင်းနှင့် စာသင်ကျောင်းများတွင် အသက် ၁၈ နှစ်ပြည့်ရန် လပိုင်းလိုသေးသည့်ကျောင်းသားစာရင်းများပါ ကောက်ယူနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေတွင်လည်း စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အမျိုးသား၊ အမျိုးသမီး၊ ကျွမ်းကျင်သူ အမျိုးသား၊ ကျွမ်းကျင်သူ အမျိုးသမီးများ၏ အသက်အပိုင်းအခြားများကို ဖော်ပြပါရှိပြီးဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဖီဂျီနိုင်ငံတွင် ရေးအပူပိုင်းဆိုင်ကလုန်းမုန်တိုင်းပြင်းအား အဆင့်(၃)သို့ ပြောင်းလဲသွားနိုင်



**ဆူဗာ ဖေဖော်ဝါရီ ၂၅**

ဖီဂျီနိုင်ငံ၏ အကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်သည့် ဗာနူဘာလာဗူကျွန်းတွင် ဖေဖော်ဝါရီ ၂၃ ရက်က ရေးဟု အမည်ပေးထားသော အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းပြင်းအားအဆင့်(၂)ဖြင့် တိုက်ခတ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြင်းအားအဆင့်(၂)ဖြင့်သာ ဆက်လက်တိုက်ခတ်နေကာ ပြင်းအားအဆင့်(၃)သို့ ပြောင်းလဲသွားနိုင်ကြောင်း ဖီဂျီ Meteorological Office က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေး အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် ဗာနူဘာလာဗူကျွန်းမှ တာဗီယူနီကျွန်းဘက်သို့ဦးတည်တိုက်ခတ်နေကြောင်း၊ မုန်တိုင်းပြင်းအားအဆင့်(၂) ဖြစ်သည့်အတွက် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၅ ကီလိုမီတာမှ ကီလိုမီတာ ၁၃၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းပြင်းအားအဆင့် (၃) ထိ မြင့်တက်သွားပါက လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၁၀ မှ ၁၅၅ ကီလိုမီတာထိ မြင့်တက်လာနိုင်ကြောင်း Meteorological Office က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ရေး အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဟာ ပြင်းအား အဆင့်(၂)နဲ့ စတင်ဝင်ရောက်လာခဲ့တယ်။ ဒုတိယနေ့မှာလဲ အဆင့်(၂)နဲ့ပဲ ဆက်လက်တိုက်ခတ်နေပါတယ်။ မုန်တိုင်းဟာ ပြင်းအား အဆင့်(၃)ကို မြင့်တက်သွားနိုင်ပါတယ်"ဟု Meteorological Office မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဖီဂျီနိုင်ငံတွင် ရေးအပူပိုင်းဆိုင်ကလုန်းမုန်တိုင်း အန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး မုန်တိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသည့်နေရာပေါင်း ၁၅ နေရာထိရှိကြောင်း၊ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နေပြီး ရေဧရိယာများဖြင့် နီးကပ်သည့် နေရာများတွင် ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေကြောင်း Meteorological Office က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ ဝိုင်ဂါပူမြို့တွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံ ဆမ်ဘာကျွန်းရှိ ဝိုင်ဂါပူမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ Meteorology, Climatology, and Geophysics Agency (BMKG) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဝိုင်ဂါပူမြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုသည့် မြို့ဖြစ်သကဲ့သို့ ကမ္ဘာ့လှည့်ခရီးသည် အမြောက်အမြား နှစ်စဉ်လာရောက်လည်ပတ်သည့်မြို့လည်းဖြစ်ကြောင်း၊ ငလျင်သည် ဝိုင်ဂါပူမြို့အနီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ပြင်းအားများသော်လည်း ဝိုင်ဂါပူမြို့နှင့် ၃၆ ကီလိုမီတာအကွာခန့်မှ လှုပ်ခတ်လာခြင်းဖြစ်သည့်အတွက် ငလျင်လှိုင်းရိုက်ခတ်မှုကြောင့် ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့ကြောင်း၊ ငလျင်ကြောင့် ဆူနာမီလှိုင်းလည်းဖြစ်ပေါ်လာနိုင်ဖွယ်မရှိကြောင်း Meteorology, Climatology, and Geophysics Agency (BMKG) က ထုတ်ပြန်ခဲ့သည်။

ငလျင်လှိုင်းသည် ဝိုင်ဂါပူမြို့သို့ ပြင်းအားအဆင့်(၄)ထိ ရောက်ရှိခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ရွာတန်ဒေသသို့ ငလျင်လှိုင်းပြင်းအားအဆင့် (၃) ထိ ရောက်ရှိခဲ့ကြောင်း၊ ငလျင်လှိုင်း ရိုက်ခတ်မှုကြောင့် ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့သကဲ့သို့ ဟိုတယ်များတွင် လာရောက်တည်းခိုနေသော ခရီးသည်များနှင့် ဒေသခံများမှာ ငလျင်လှိုင်းကြောင့် အမိုးအကာအောက်မှ အရေးပေါ်ရှောင်တိမ်းခဲ့ကြရကြောင်း သိရသည်။

ငလျင်အခြေအနေ တည်ငြိမ်သွားပြီဖြစ်သော်လည်း ငလျင်ထပ်မံ လှုပ်ခတ်လာနိုင်သည့်အတွက် Meteorology, Climatology, and Geophysics Agency (BMKG)မှ တာဝန်ရှိသူများက ငလျင်အခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး အေဂျင်စီပိုင်ရုပ်သံလိုင်းမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဘယ်လ်ဂျီယံနိုင်ငံတွင် သဘာဝဘေးဒဏ်များရင်ဆိုင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်သစ်များ ရေးဆွဲသွားမည်

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၅**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ်များဖြင့် ရင်ဆိုင်ရမှုနှုန်း မြင့်မားလာသဖြင့် သဘာဝဘေးဒဏ်များ ရင်ဆိုင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်သစ်များ ရေးဆွဲမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘရပ်ဆဲလ်မြို့တွင် ရင်ဆိုင်ရလေ့ရှိသည့် သဘာဝဘေးဒဏ်များအနက် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရသည့် သဘာဝဘေးဒဏ်မှာ ရေဘေးအန္တရာယ်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်ရေးဆွဲရာတွင် ရေဘေးအန္တရာယ်ကယ်ဆယ်ရေးအစီအစဉ်အတွက် ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ ဘရပ်ဆဲလ်မြို့တွင် သဘာဝဘေးဒဏ်များဖြင့် ရင်ဆိုင်ရတိုင်း အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်များ အားနည်းမှုများရှိနေသည့်အတွက် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်သစ်များကိုရေးဆွဲရန် စီစဉ်လာခြင်းလည်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



"ဘရပ်ဆဲလ်မြို့ဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးဒဏ်တွေနဲ့ မကြာခဏ ရင်ဆိုင်ခဲ့ရတယ်။ ရင်ဆိုင်ခဲ့ရတဲ့ သဘာဝ ဘေးဒဏ်တွေအနက် ရေဘေးအန္တရာယ်က အဆိုးဆုံးဖြစ်ပါတယ်။ သဘာဝဘေးဒဏ်တွေနဲ့ရင်ဆိုင်ခဲ့ရတိုင်းလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အားနည်းချက်တွေ ရှိနေခဲ့တယ်။ ဒါကြောင့် သဘာဝဘေးဒဏ်တွေနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ ထိရောက်တဲ့ ကယ်ဆယ်ရေးအစီအစဉ်တွေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် အရေးပေါ်ကယ်ဆယ်ရေးအစီအစဉ်သစ်တွေ ရေးဆွဲသွားမယ်"ဟု ဘယ်လ်ဂျီယံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အန်တိုနီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း အိန္ဒိယမိုးလေဝသဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

မွမ်ဘိုင်းမြို့တွင် အပူချိန်မှာ ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ သို့သော်လည်း အပူလှိုင်းဖြတ်သန်း၍ အပူချိန်မြင့်တက်ခြင်းမျိုး မဟုတ်သေးသည့်အတွက် အပူလှိုင်းအန္တရာယ်သတိပေးချက် မထုတ်ပြန်သေးခြင်းဖြစ်ပြီး အပူချိန်မှာဆက်လက်မြင့်တက်လာဖွယ်ရှိနေကာ အပူချိန်ပမာဏမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်မြင့်မားနေသဖြင့် အပူချိန်မြင့်တက်မှုကို အထူးသတိပြုရန်လည်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မွမ်ဘိုင်းမြို့မှာ အပူချိန်တွေ မြင့်တက်နေပါတယ်။ အပူချိန်ပမာဏဟာ ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်ဟာ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ ပမာဏထက် ၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားနေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်နေတာမျိုး မဟုတ်ပါဘူး။ ပင်လယ်လေ ရွေ့လျားမှုနှေးနေတဲ့အတွက် အပူချိန်တွေမြင့်တက်လာတာဖြစ်ပါတယ်။ အပူချိန်ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိနေပါတယ်။ အပူလှိုင်းသာ ဖြတ်သန်းမယ်ဆိုရင်တော့ အပူချိန်မြင့်တက်မှုဟာ ကျန်းမာရေးလုံခြုံမှုကို အန္တရာယ်ပြုနိုင်တဲ့အခြေအနေဖြစ်သွားနိုင်တယ်"ဟု အိန္ဒိယမိုးလေဝသဦးစီးဌာန(IMD)မှ ပြောရေးဆိုခွင့်ရှိသူ ဆူရှ်မာနဲက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



ဝတ္ထုတိုကဏ္ဍ

# ဘယ်လမ်းသာ၍ ရွေးရမယ်

ကနောင်(ပခန်းမြေ)



(၁)

ကိုစိုးမြင့်တစ်ယောက် သတင်းစာကို ကိုင်၍ ငူငူငိုင်ငိုင်နှင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာ၏။ လွတ်နေသောစားပွဲဝိုင်း၌ထိုင်လိုက်ပြီးစားပွဲထိုးကောင်လေးကိုခေါ်၍ ပေါ့ဆိမ့်တစ်ခွက်နှင့် စီးကရက်တစ်ပွဲကိုမှာ လိုက်သည်။ ထို့နောက် သတင်းစာကို ဖြန့်၍ ဖတ်လိုက်ပြီး "တောက်" တစ်ချက်ကို အသံပြင်းပြင်းဖြင့် ခေါက်လိုက်လေတော့၏။

(၂)

"ဘာတွေအလိုမကျ ဖြစ်နေရတာလဲ ကိုစိုးမြင့်"

သူငယ်ချင်းဖြစ်သူ ကိုစိန်သောင်းသည် ဘေးဝိုင်းကနေ ကိုစိုးမြင့်အရိပ်အခြည်ကို အကုန်မြင်ပြီးပြီမို့ ဝိုင်းကူးလာပြီး မေးကြည့်မိလေ၏။ သို့သော် ကိုစိန်သောင်း အမေးကို ကိုစိုးမြင့်က နှုတ်ဖြင့်မဖြေဘဲ သတင်းစာကိုသာ ကိုစိန်သောင်းလက်ထဲသို့ ထိုးထည့်လိုက်လေ၏။ သတင်းစာကိုယူ၍ ကိုစိန်သောင်း ဖတ်ကြည့်လိုက်သည်။

" အိမ်နှင့် ခြံရောင်းမည်။ ကန့်ကွက်နိုင်ပါသည်" တဲ့။ ရောင်းမည့်သူများမှာ ကိုစိုးမြင့်၏ အစ်ကိုဖြစ်သူနှင့်အစ်မဖြစ်သူတို့ နာမည်ဖော်ပြထားသည်ကို တွေ့ရ၏။

" ဘယ်လိုဖြစ်ရတာလဲကိုစိုးမြင့်။ ခင်ဗျား နာမည်နဲ့ ခင်ဗျားညီလေးနာမည်လဲ မပါပါလား"

''အဲဒါပြောတာပေါ့ ကိုစိန်သောင်းရယ်။ ကျုပ်ရော ညီလေးရော ရှိနေပါလျက်နဲ့။ အမွေဆိုင်အိမ်နဲ့ခြံကို သူတို့သဘောနဲ့ရောင်းဖို့ ကြော်ငြာလိုက်တယ်။ ဒီကိစ္စကို ကျုပ်တို့အငယ်နှစ်ယောက်ကိုလဲ အသိမပေးဘူး"

ကိုစိုးမြင့်ကသူ့ခံစားချက်တွေကို ကိုစိန်သောင်းအားရင်ဖွင့်၍ဆို၏။ ကိုစိုးမြင့်သည် ရှမ်းတရုတ်စပ်ကပြားလူမျိုးဖြစ်ပြီး မွေးချင်းလေးယောက်ရှိ၏။ အစ်ကိုဖြစ်သူနှင့် အစ်မဖြစ်သူတို့မှာ သူ့အိမ်ထောင်နှင့်သူ စီးပွားရေးအဆင်ပြေကြသူများဖြစ်၏။ ကိုစိုးမြင့်နှင့်သူ့ညီဖြစ်သူတို့မှာသာ စီးပွားရေးချို့တဲ့နွမ်းပါးကြသူများဖြစ်သည်။ သို့သော်လည်း မိဘတွေ ဆုံးပါးသွားစဉ်က ခွဲဝေမပေးခဲ့သည့် အမွေဆိုင်အိမ်နှင့် ခြံအကျယ်ကြီးလည်းထောက်ကြန့်ပြည်လမ်းမကြီး၏ဘေးတွင်ရှိသည်။ ထိုခြံနှင့်အိမ်သည် မောင်နှမလေးယောက်စလုံးနှင့် သက်ဆိုင်ကြလေ၏။ သို့သော် အစ်ကိုကြီး၊ အစ်မကြီးတို့၏ လုပ်ရပ်က ကိုစိုးမြင့်တို့ အငယ်နှစ်ယောက်ကို လူရာမသွင်း အရေးမစိုက်သည့် သဘောဖြစ်၍နေ၏။

ထို့ကြောင့် ကိုစိုးမြင့်သည် စိတ်မကြည်မသာနှင့် ခံရခက်နေခြင်းဖြစ်ပေ၏ ။

"ဆိုတော့ ဒီကိစ္စကို ကိုစိုးမြင့် ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"ဘယ်လို လုပ်ရမလဲ ကိုစိန်သောင်းရယ်။ ကန့်ကွက်ရမှာပေ့ါဗျာ ကန့်ကွက်ရမှာပေ့ါ"

"ခင်ဗျားညီသဘောလဲ လိုသေးတာပေ့ါနော်"

" ဒီကိစ္စကို ကျုပ်ညီမသိသေးဘူးဗျ။ ပြောရမှာလဲ ခက်တယ်ဗျာ "

ကိုစိုးမြင့်လေသံက လျှော့ကျသွားသည်။ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေးနေသည့်သဘော၊ စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိဖွာရှိုက်လိုက်ပြီး မီးခိုးများကို ဟူးခနဲမှုတ်ထုတ်ပစ်နေသည် ။

''မွေးချင်းကိစ္စဆိုတော့လဲ ပြောရခက်တာပေ့ါ။ ကိုစိုးမြင့်ရယ်"

" ဟုတ်တယ်ဗျ။ ကျုပ်ညီက အခုဆေးရုံတင်ထားရတာလေ။ နေ့ပိုင်းဆို သူ့မိသားစုက စောင့်တယ်။ ညပိုင်းဆို ကျုပ်သွားစောင့်ပေးနေရတာ။ ဒီကိစ္စကြီးကို ကျုပ်ညီသိအောင် ဘယ်လိုပြောထွက်ဝံ့ပမလဲဗျာ "

ဟုတ်တော့လည်းဟုတ်သည်။ ဒီလိုစိတ်မကောင်းစရာကိစ္စကြီးကို လူနာဖြစ်သည့် ညီတော်မောင်သိဖို့ ကိုစိုးမြင့် ဘယ်သို့ပြောထွက်ဝံ့ပါ့မည်နည်း။

"ကျုပ်သွားတော့မယ်ဗျာ။ ကျုပ်သွားတော့မယ်။ ဆေးရုံက ထွက်လာထဲက ကျုပ်အိမ်မပြန်ရသေးဘူး ကိုစိန်သောင်းရေ"

ကျသင့်ငွေကိုရှင်း၍ ကိုစိုးမြင့် ဆိုင်ထဲမှ ထွက်သွားသည်။ လက်ထဲမှာလည်း သတင်းစာကို လိပ်၍ ကိုင်သွား၏။ ဘဝအပူများနှင့် ဆိုင်ထဲမှ ထွက်သွားသော ကိုစိုးမြင့်ကို ကြည့်၍ ကိုစိန်သောင်းလည်း သက်ပြင်းသဲ့သဲ့ကို ဟင်းခနဲ မြည်တဲ့ထိချဖြစ်အောင် ချမိလိုက်လေ၏။

(၃)

ကိုစိုးမြင့်နှင့်ညီဖြစ်သူတို့၏ ကန့်ကွက်မှုကြောင့် အမွေဆိုင် ခြံမြေရောင်းမည့်ကိစ္စ ပျက်သွားသည်။ ညီဖြစ်သူလည်း ရောဂါသက်သာ၍ ဆေးရုံမှ ဆင်းခဲ့ရလေပြီ။ ထို့ကြောင့် ကိုစိုးမြင့် ဆိုင်ကယ်ဘေးတွဲလေးကို အုံနာယူ၍ ရပ်ကွက်ဈေးလမ်းထိပ်တွင် ပြန်ဆွဲဖြစ်သည်။

ဇနီးဖြစ်သူ မသူဇာသည် ယခင်က စက်ရုံတွင် အထည်ချုပ်ဝန်ထမ်းလုပ်သော်လည်းယခုမူကျန်းမာရေးမကောင်း၍ နားနေရသည်မှာကြာပြီ။ ကျောင်းတက်နေသည့်သားနှင့်သမီးလည်းရှိသည်မို့၊ အိမ်လခနှင့် ကျူရှင်စရိတ် နေ့စဉ်စားဝတ်နေရေးကအစ ခက်ခက်ခဲခဲ ရုန်းကန်ရှာဖွေနေရသည် ။

"မသူဇာ ကျုပ်ကယ်ရီဆွဲလေးထွက်လိုက်အုံးမယ်"

" တော် မနက်စာ ထမင်းကြမ်းလေးစား သွားအုံးလေ "

"မစားတော့ပါဘူး မသူဇာရယ်။ ဂိတ်ရောက်မှပဲ စိန်သောင်းတို့နဲ့ လက်ဖက်ရည်သောက်တော့မယ်။ ဒါနဲ့ ဘာမှာစရာ ရှိသေးလဲ"

"တော် မသိဘူးလား။ မနက်ဖြန်ဆို အိမ်လခ သုံးလစာထပ်ပေးရမယ်လေ ပြီးတော့"

ဇနီးဖြစ်သူ မသူဇာက စကားကိုဆက်၍ မပြော။ ကုန်နေသည့် ဆန်ပုံးကို မှောက်၍ ပြလိုက်သည်၊ ကိုစိုးမြင့် သဘောက်ပေါက်နားလည်လိုက်ပေ၏။

" အေးပါ မိန်းမရယ် ကျုပ်ရှာကြံကြည့်ပါအုံးမယ် "

ထိုသို့ပြော၍ ကိုစိုးမြင့်ဆိုက်တွဲကိုမောင်း၍ အိမ်မှထွက်ခဲ့သည်။ အိမ်ထဲကထွက်သည်နှင့် ကျောင်းသွားဖို့ပြင်နေသော သားနှင့်သမီးကလည်း ကိုစိုးမြင့်ကိုလှမ်းအော်၍ ပြောလိုက်ကြသေးသည်။

" ဖေဖေ မနက်ဖြန် သားတို့ကျူရှင်လခလဲ ပေးရအုံးမယ်နော်။ ဆရာမက တောင်းနေပြီ"

ဆိုက်တွဲကို မောင်းထွက်လာရသော်လည်း ကိုစိုးမြင့်နားထဲတွင် ဇနီးနှင့်သားသမီးတို့ပြောလိုက်သော အိမ်လခ၊ကျူရှင်စရိတ်နှင့် ဆန်မရှိသည့် ဆန်ပုံးတို့ကို မြင်ယောင်၊ ကြားယောင်မိနေလေသည်။

(၄)

ဆိုက်တွဲဂိတ်တွင် ကိုစိုးမြင့်ကိုမြင်၍ ပါဂျဲရိုးကားတစ်စီးသည် ထိုးရပ်လိုက်၏။ ကားမှန်ကို ချပြီး ခေါင်းခန်းထဲမှ ခပ်ဝဝ အမျိုးသမီးကြီးသည် ကိုစိုးမြင့်ကိုလှမ်းအော်၍ ပြောလေ၏။

" ဟဲ့ စိုးမြင့် နင့်အိမ်ကို သွားမလို့ထွက်လာတာ။ ဒီမှာတွေ့တာနဲ့ အတော်ပဲ။ ရှေ့နား နင်ခဏလိုက်ခဲ့"

ထိုသို့ပြော၍ ပါဂျဲရိုးကားကြီးသည် နေရာကျယ်သည့် လမ်းမဘေး၌ ချရပ်လေသည်။ ကိုစိုးမြင့်က နောက်က လိုက်သွား၏။ ကားပေါ်မှ လူကုံထံအမျိုးသမီးကြီးနှင့် ကားမောင်းသည့် အမျိုးသားကြီးတို့ စာရွက်စာတမ်းတွေကိုင်၍ ဆင်းလာသည်။

" ဘာကိစ္စလဲ အစ်ကိုနဲ့အစ်မ"

"နင် ဟောဒီ စာချုပ်တွေမှာ လက်မှတ်ထိုးပေး။ လက်မှတ်ထိုးခအဖြစ် နင့်ကို ငါတို့က သိန်းငါး ဆယ်ပေးမယ်"

"ဘာစာချုပ်တွေမို့ ကျုပ်က လက်မှတ်ထိုး ပေးရမှာလဲ "

"နင်က ငါတို့ အဖေ၊ အမေက မွေးတဲ့သားအရင်း မဟုတ်ပါဘူးလို့ စာချုပ်မှာ လက်မှတ်ထိုးပေးရမှာ"

"ဘာ ဘာပြောတယ် မမကြီး"

အစ်မဖြစ်သူက ထိုသို့ပြောတော့ ကိုစိုးမြင့် ဒေါသထွက်သွားသည်။ လေသံမာမာနှင့်ပင် ပြန်၍ တုံ့ပြန်ပြောဆိုမိလေ၏။ ထိုအခါ အစ်ကိုဖြစ်သူကပါ ပြောလာပြန်သည်။

" မမိုက်ချင်စမ်းပါနဲ့ စိုးမြင့်ရာ။ အငယ်ကောင်လိုပဲ အေးအေးဆေးလေး လက်မှတ်ထိုးပြီး အလွယ်တကူ ငါတို့ပေးတဲ့ သိန်းငါးဆယ်ကို ယူလိုက်စမ်းပါ"

" တော် တော် တော်တော့ အစ်ကိုနဲ့အစ်မ။ ကျုပ်လုံးဝ လက်မှတ်ထိုး မပေးနိုင်ဘူး။ ပြန်ကြပါတော့ဗျာ ပြန်ကြပါတော့ "

"ငတုံး နင် အဲဒါကြောင့်မို့ လူညွန့်တုံးနေတာ။ လာအစ်ကို ပြန်ကြမယ်"

အစ်မဖြစ်သူမှ ကိုစိုးမြင့်ကိုပစ်ပစ်ခါခါပြော၍ အစ်ကိုဖြစ်သူကိုပြန်ကြစို့ဟုပြောသည်။အစ်ကိုဖြစ်သူကလည်း ကားပေါ်တက်ခါနီးတွင် ကိုစိုးမြင့်ကို လှမ်းအော်၍ ပြောသွားသေးသည်။

"ငစိုး မင်းသေချာပြန်စဉ်းစားပြီး သိန်းငါးဆယ် ယူမယ်ဆိုရင် ငါတို့တိုက်ကို အချိန်မရွေးလာခဲ့"

ထိုသို့ပြောပြီး ကားတံခါးကိုပိတ်၍ မောင်းထွက်သွားလေ၏။ ကိုစိုးမြင့်သည် ထိုကားကို မျက်စိတစ်ဆုံးကြည့်ပြီး တောက်သံပြင်းပြင်းကို တစ်ချက်ခေါက်၍ ဆိုက်တွဲဂိတ်သို့ ပြန်လျှောက်လာလေတော့သည်။

(၅)

" ဘယ်လိုဖြစ်ရတာလဲ ကိုစိုးမြင့်ရယ် အရက်နံ့တွေကလဲ ထောင်းလို့ပါလား"

အရက်ပုလင်းကိုင်လျက် ဆိုက်တွဲဂိတ်တွင်မူးနေသည့် ကိုစိုးမြင့်ကို ဂိတ်ကလည်း လွှတ်ထားကြလေ၏၊

ခါတိုင်းဆိုလျှင် ကိုစိုးမြင့်သည် အလွန်အကျွံသောက်တတ်သည်မဟုတ် နည်းနည်းပါးပါးသာ သောက်လေ့ရှိခဲ့သည်။ ယခုမူ မြေနိမ့်ရာလှံစိုက်ခံရသည့် မွေးချင်းတို့၏ ချစ်ခြင်းမေတ္တာကင်းမဲ့မှုကို စိတ်နာ၍ စည်းလွတ်ဝါးလွတ် သောက်နေမိခြင်းဖြစ်၏။ ကိုစိန်သောင်းက မနေနိုင်၍ အကျိုးအကြောင်း မေးမြန်းရလေပြီ။

" ဘယ်လိုဖြစ်ရမှာလဲ ကိုစိန်သောင်းရယ်။ မနက်က ဂိတ်ကို လာသွားတဲ့ကားကို ဟောဒီတစ်ဂိတ်လုံးတွေ့တယ်မဟုတ်လား "

"တွေ့တယ်လေ။ ကျုပ်တို့တစ်ဂိတ်လုံးတွေ့လိုက်ကြတာပေ့ါ"

" အဲဒါ ကျုပ်ရဲ့ အစ်ကိုနဲ့အစ်မပေ့ါဗျာ။အလကားလူစိတ်မရှိတဲ့သူတွေ ထွီ"

ကိုစိုးမြင့်က နာကြည်းချက်နှင့်ပေါက်ကွဲပြနေ၏။ ဆိုက်တွဲသမားအားလုံးက ကိုစိုးမြင့် ဘာများဆက်ပြောမလဲဟု နားစွင့်နေကြသည်။

''ဘာတဲ့။ စာချုပ်မှာ မွေးချင်းသားချင်း မဟုတ်ကြောင်း လက်မှတ်ထိုးပေးပါတဲ့။ ထိုးပေးရင် ငွေပေးမယ်တဲ့ ဟား ဟား ဟားဟား အွေ့ ဂေ့ "

"ခင်ဗျား များနေပြီ တော်တော့ကိုစိုးမြင့်။ လမ်းဘေးမှာ လူမြင်လဲ မကောင်းဘူး "

ကိုစိန်သောင်းက အရက်ပုလင်းကိုယူပြီး ဆိုက်တွဲသမား ဖိုးထောင်ကိုပေးလိုက်သည်။

''ရှော့ ဖိုးထောင် ဒီပုလင်းကို လွှတ်ရာသွားထားစမ်း"

"ကိုစိန်သောင်းရေ မနက်ထဲက ကိုစိုးမြင့်သောက်နေတာ ကျုပ်တို့လဲ မတားရဲဘူး။ သူ့မွေးချင်းတွေကိစ္စဆိုတော့လဲ ခက်ပါတယ်ဗျာ"

ဖိုးထောင်က အရက်ပုလင်းကို သွားသိမ်းရင်း ပြောသည်။ အခြားဆိုက်တွဲသမား မောင်ထွေးက

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုခရိုင်တွင် ကုလားပဲ ၆၄၀၃၉ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ကုလားပဲ၆၄၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၂၀၂၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၄၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ကုလားပဲဧက ၆၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၆၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊သွင်းအားစုတွေကိုတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေး နေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် ကုလားပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၄၆၄၀၊ ခင်ဦးမြို့နယ်တွင် ၂၉၉၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၅၉၈၈ ဧကနှင့် ကျောက်မြောင်းမြို့နယ် ခွဲတွင် ၄၁၄ ဧက စုစုပေါင်း ၆၄၀၃၉ ဧကဖြစ်ကြောင်း သိရသည်။

ကုလားပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကိုယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# လှည်းကူးမြို့နယ် သခွတ်ပင်ကျေးရွာကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**လှည်းကူး ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သခွတ်ပင်ကျေးရွာကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီလ၂၄ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လှည်းကူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်သက်ဦး၊ လှည်းကူးမြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းတံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူသခွတ်ပင်ကျေးရွာကုန်ထုတ်လမ်းပေါ်၌ အလျား ပေ၆၀၊ အကျယ်၁၄ပေ၊ အမြင့်၁၀ပေရှိသော ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက် မှာကြားသည်။

အဆိုပါ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ်၁၆၅ သန်း ဖြင့် ဟန်သီရိကုမ္ပဏီက တာဝန်ယူ၍၂၀၂၄ခုနှစ်အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာယနေ့တွင်ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းလှည်းကူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးထံမှ သိရသည်။

**အိပိုးပိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

လည်း ဝင်ပြောလာသည်။

" ကိုစိုးမြင့် သောက်မယ်ဆိုလဲသောက်ချင်စရာလေ။ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အိမ်လခ၊ ကျူရှင်စရိတ်၊ စားဝတ်နေရေးနှင့် ရရစားစားမို့ အဆင်ပြေလှသည်မဟုတ်၊ မွေးချင်းကိစ္စတွေကပါ ရှုပ်ထွေးနေတော့ သူ့ခမျာစိတ်ညစ်ရှာနေမပေ့ါ။ ကျုပ်ဆီ ငွေလာလှည့်သေးတယ်။ ကျုပ်လဲ အဆင်မပြေတော့ သူ့အခက်အခဲကို စာနာပေမဲ့ မကူညီနိုင်ဘူးလေ"

ကိုစိန်သောင်းတို့ ဆိုက်တွဲသမားတွေက ကိုစိုးမြင့်ကိုအိမ်ပြန်ပို့ပေးကြသည်။ ဇနီးဖြစ်သူ မသူဇာက သက်ပြင်းချပြီး ခေါင်းခါလျက်နှင့် တံခါးကိုဖွင့်ပေးရင်း ညည်းနေရှာ၏။

"ကျုပ်တော့ စိတ်ညစ်ပါတယ် ကိုစိန်သောင်းရယ်။ တော်တို့လူကို ဝိုင်းပြောပေးကြပါအုံး"

" အေးပါ မသူဇာရယ် ငါတို့ဝိုင်းပြောပေးပါ့မယ်။ အခုတော့ သူမူးမူးနဲ့ အိပ်ပါစေအုံး"

ကိုစိုးမြင့်ကို ပို့အပြီး ကိုစိန်သောင်းတို့ ဆိုက်တွဲဂိတ်သို့ ပြန်ခဲ့ကြသည်။ ကိုစိုးမြင့်တစ်ယောက် မူးမူးနှင့်တစ်ရေးအိပ်လိုက်ပါလျှင် ဘဝအပူတွေတဒင်္ဂတော့ ငြိမ်းသွားမည်ထင်၏။

(၆)

"စိုးမြင့်ရေ စိုးမြင့် နင့်မိန်းမ မူးလဲလို့တဲ့ အမြန်ပြန်အုံး"

ဆိုက်တွဲဂိတ်တွင် အိမ်နီးချင်းဖြစ်သည့် ဒေါ်မြညိုရှေးလာရင်း အော်ပြောသည့်အသံကြောင့် ကိုစိုးမြင့် အိမ်ပြန်ပြေးခဲ့ရလေပြီ။ ကိုစိန်သောင်းနှင့်သံချောင်းလည်းမနေနိုင်၍ လိုက်ခဲ့ကြလေ၏။ အိမ်ကိုရောက်တော့ ရပ်ကွက်အိမ်နီးနားချင်းတွေက မသူဇာကိုကူညီပြုစုထား၍ တော်သေးသည်။ မသူဇာကို ဆေးရုံပို့ဖို့ စီစဉ်ရတော့၏။ " ကံဆိုးမ သွားရာမိုးလိုက်လို့ ရွာ " ဆိုသကဲ့သို့ ကိုစိုးမြင့်ဘဝက မလွယ်ပါလား။

" ကျုပ် မိန်းမကရောဂါအခံနဲ့ အခုလဲဆေးရုံတင်ရမယ်ဆိုတော့ ကျုပ်ငွေလိုတယ်ဗျာ။ မဖြစ်မနေ စဉ်းစားမှ ရတော့မယ် "

"အဲတော့ ခင်ဗျား ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"ကျုပ်မလုပ်ချင်တဲ့အရာကို မျက်စိမှိတ်ပြီး လုပ်ရတော့မှာပဲ ကိုစိန်သောင်း"

" ဒါပေ့ါ ခင်ဗျားမှာရွေးချယ်စရာ ဒီလမ်းပဲ ရှိမယ်ထင်ပါရဲ့ "

ကိုစိန်သောင်းလည်း ကိုစိုးမြင့်ဘဝကို နားလည်ပါသည်။ ကိုစိုးမြင့်လိုသော ငွေကို များများစားစားမကူညီနိုင်။ ထို့ကြောင့် တတ်နိုင်သည့်ဘက်က ကြည့်ရှုစောင်မပေးနေမိခြင်းဖြစ်၏။ လက်ရှိမှာတော့ ကိုစိုးမြင့်လိုနေသောငွေ အဆင်ပြေဖို့ကမွေးချင်းအစ်ကိုနှင့် အစ်မဆီကသာ ရရှိနိုင်မည်ဖြစ်၏။ ကိုစိုးမြင့်အဖို့ ရွေးချယ်စရာ လမ်းနှစ်ခုပဲရှိသည်။ ထိုလမ်းနှစ်သွယ်ရှိသည့်အနက် ဘယ်လမ်းသာ၍ ဘယ်လမ်းကိုရွေးမည်ဆိုသည်မှာ ကိုစိုးမြင့်အပေါ်သာမူတည်နေသည်။

" ကိုစိုးမြင့် စဉ်းစားပေ့ါလေ။ စာချုပ်ပေါ်မှာ သွေးသားအရင်း မွေးချင်းမဟုတ်ပါဘူးလို့ လက်မှတ်ထိုးလိုက်တာနဲ့ ခင်ဗျားလိုအပ်နေတဲ့ ငွေရမယ်။ လက်တလောကြုံတွေ့နေရတဲ့ မသူဇာဆေးဖိုးစရိတ်နဲ့ အိမ်လခအပြင် သားသမီးတွေရဲ့ကျူရှင်စရိတ်တွေပါအဆင်ပြေသွားမယ်။ တစ်ဖက်ကပြန်ကြည့်ရင်တော့ ခင်ဗျားဟာ မိဘမျိုးရိုးနဲ့ အသိုင်းအဝိုင်းဂုဏ်သိက္ခာမဲ့သွားမယ်။ မိမရှိ၊ ဖမရှိတဲ့ သားတစ်ယောက်ဖြစ်သွားမယ်။ ခင်ဗျားအဆင်ပြေမဲ့ နည်းလမ်းကို ရွေးချယ်ပေ့ါ"

" အေးဗျာ။ ကျုပ်ကလေးတွေကို သူ့အမေစောင့်ဖို့ ဂိတ်က ဖိုးထောင်ဆိုက်တွဲနဲ့ လွှတ်လိုက်မယ်။ ကျုပ်မိန်းမကို ကိုကြီးစိန်သောင်းနဲ့ ကိုသံချောင်းတို့ခဏကြည့်ပေးထားပါအုံး။ ကျုပ်ပိုက်ဆံရှာပြီး ပြန်လာခဲ့ပါ့မယ်။ မသူဇာ အားတင်းထားနော်။ ကျုပ်မြန်မြန်ပြန်လာခဲ့မယ် "

ကိုစိုးမြင့်တစ်ယောက် ဇနီးဖြစ်သူ လက်ကလေးကိုဆုပ်ကိုင်အားပေးပြီး ဆေးရုံထဲမှ သုတ်ခြေတင်၍ထွက်သွားသည်။ ကိုစိုးမြင့်၏ အတွေးအာရုံ၌ မသူဇာဆေးကုသစရိတ်နှင့် ကလေးတွေ ပညာရေးအတွက် အပါအဝင် အငှားအိမ်ပေါ်မှလည်း ဆင်းမပေးရရေး မဖြစ်မနေငွေကို အရေးတကြီးလိုအပ်ခဲ့ပြီဖြစ်၏။ ဘဝနှင့်ရင်း၍ရမည့် ငွေလမ်းကိုလည်း မြင်ပေသည်။ ထိုလမ်းကို ရွေး၊ မရွေးဆိုသည်မှာ ကိုစိုးမြင့်အပေါ်၌သာ မူတည်ခဲ့ပြီ ဖြစ်ပေ၏။

## တို့တိုင်းပြည် တို့ရှေ့ရေး

- တိုင်းပြည်တွက် စစ်မှုထမ်းဖို့
  ပြဋ္ဌာန်းခဲ့ဥပဒေ၊
  ပြည်သူတွေ အရေးထား
  လေးစားသင့်ပေ၊
  အဖျက်ရန် ကင်းဝေးစေ
  တို့တစ်တွေ လက်ဆင့်ကမ်း၊
  တို့တိုင်းပြည် တို့ရှေ့ရေး
  မြော်တွေးကြိုးပမ်း။

- သွားကြစို့ ရွှင်ရွှင်လန်း
  ကြိုးပမ်းလို့ ဆောင်ရွက်မယ်၊
  အသက်ကို ပဓာနမထား
  အင်အားဂုဏ်ကြွယ်၊
  သွေးသတ္တိ ရဲမာန်ထည်
  မြဲမြံဖွယ် တို့ပြည်အလှ၊
  တို့ခေတ်မှာ ဆထမ်းပိုး
  တိုးတက်စေရ။

- အဖျက်ရန်စွယ် ဟူသမျှ
  ချေမှုန်းကြ တာဝန်ယူ၊
  ပြည်သူတွေ ငြိမ်းချမ်းဖို့
  ဝန်ထမ်းကြည်ဖြူ၊
  အခက်ခဲများ မညည်းညူ
  အတူတူ လက်ချင်းယှက်၊
  တို့မြန်ပြည် တို့ရှေ့ရေး
  မြော်တွေးဆောင်ရွက်။ ။

**အဝေရာကိုကို**

# ကြံခင်းမြို့နယ် မဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကုန်းကျေးရွာ၌ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများကကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊အတိုးနှုန်းသတ်မှတ်ချက်များ၊စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံမြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၅၈ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၀ဒသမ ၄၂သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ဦးကို ငွေကျပ်၇ ဒသမ ၄၁သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၅ဦးကို ငွေကျပ် ၂ ဒသမ ၇၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ဦးကို ငွေကျပ် ၄၀ ဒသမ ၅၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# တရားသေလွတ်မိန့်ကို နစ်နာသူက ပြင်ဆင်မှုဖွင့်လာသောအခါ

စိန်လှိုင်ဖိုလ်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၁၇ အရ အောက်ရုံးတစ်ရုံးက တရားသေလွှတ်ရန် ချမှတ်ထားသော အမိန့်ကို သာမန်အားဖြင့်ဆိုလျှင် အစိုးရကသာ အယူခံဝင်ရန်ဖြစ်သည်။ တရားသေလွှတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးက တိုက်ရိုက်လာရောက်ပြင်ဆင်မှုဖွင့်လှစ်ခြင်းကို တရားရုံးချုပ်က လွယ်လွယ်လက်ခံ၍ စဉ်းစားပေးရန်မဟုတ်ခြင်းနှင့်ပတ်သက်၍ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသည့် စီရင်ထုံးတစ်ခုကို ဖတ်ရှုလိုက်ပါသည်။ ၁၉၆၆ ခုနှစ်က တရားသူကြီးချုပ် ဒေါက်တာမောင်မောင် တရားသူကြီး ဦးချန်နှင့် တရားသူကြီး ဦးစိန်သင်းတို့ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုဖြစ်ပါသည်။

အမှုတစ်ခုတွင် မောင်စိန်ရနှင့် မတင်လှတို့ အပေါ် မန္တလေးမြို့ (၇)ရာဘက်ရာဇဝတ် တရားသူကြီးရုံးတွင် အရွယ်မရောက်သူ မသီးဆိုသူအား လှည့်ဖြားသွေးဆောင်ခေါ်ယူခြင်းနှင့် ထိုသို့ခေါ်ယူရာတွင် အားပေးကူညီခြင်းတို့ဖြင့် ရာဇသတ်ကြီးပုဒ်မ-၃၆၃ နှင့် ၁၆၃/၁၁၄-တို့အရ တရားစွဲဆိုခဲ့သည်။ နှစ်ဖက်သက်သေများကို စစ်ဆေးပြီးနောက် တရားရုံးက မသီး၏အသက်သည် ၁၆ နှစ်ဖြစ်နိုင်သည်။ ထို့ထက်ငယ်ရွယ်ပါသည်ဟု အကြွင်းမဲ့လက်ခံရမည့် သက်သေခံချက်မရှိပါ။ ၎င်းကို ဖြားယောင်းသွားကြသည်ဟူ၍လည်း အထောက်အထားမရှိသည့်အပြင် မသီးကိုယ်တိုင် သဘောတူလိုက်သွားသည်ဟူ၍ ယုံမှားဖွယ်ရာမရှိသောကြောင့် **မောင်စိန်ရနှင့် မတင်လှတို့သည် စွဲဆိုသောပြစ်မှုတို့ကို မကျူးလွန် တရားသေလွှတ်ရမည်ဟု** ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်ဟု ထိုအမိန့်ကို မကျေနပ်သဖြင့် ဦးဘမောင်က မန္တလေးမြို့ နိုင်ငံတော်တရားရုံးချုပ်သို့ ပြင်ဆင်မှုဖွင့်လှစ်၍ တက်ရောက်ခဲ့ပါသည်။

တရားသေလွှတ်မိန့်ကို အစိုးရက ရာဇဝတ်ကျင့်ထုံး ပုဒ်မ-၄၁၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ခြင်းမပြုဘဲ နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးက တရားရုံးချုပ်သို့ လာရောက်၍ ပြင်ဆင်မှုဖွင့်လှစ်ခြင်းကို လက်ခံခြင်း ပြုနိုင်၊ မပြုနိုင်ဟူသော ပြဿနာနှင့် လက်ခံစဉ်းစား လျှင် အမှုသွားအမှုလာအရ မူလရုံးအမိန့်ကို ပယ်ဖျက်၍ အခြားသင့်လျော်သောအမိန့်ချမှတ်ရန် သင့်၊ မသင့် ဟူသော ပြဿနာနှစ်ရပ်ကို ခုံရုံးဖွဲ့စည်း၍ စဉ်းစားဆုံးဖြတ်ခဲ့သည်။ နှစ်ဖက်အမှုသည်များကို လျှောက်လဲတင်ပြခွင့်ပြုခဲ့သည်။ အရေးကြီး၍ အများပြည်သူနှင့် ပတ်သက်သည့် ပြဿနာရပ်များပေါ်ပေါက်နိုင်သည်ဟူ၍ ယူဆသဖြင့် နိုင်ငံတော်ရှေ့နေချုပ်ကို သဟာယဖြင့် လိုက်ပါကူညီဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးမြစိန်က ပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံစစ်ဆေးထိုက်ပါသည်ဟု လျှောက်လဲသည်။ “ ရုံးတော် သဟာယအဖြစ် ကူညီလိုက်ပါဆောင်ရွက်သော အစိုးရရှေ့နေကြီး ဦးလှသင်းက အထူးအရေးကြီးသောပြဿနာများပေါ်ပေါက်လျှင် ဤကဲ့သို့သော ပြင်ဆင်မှုကို တရားရုံးချုပ်က လက်ခံနိုင်သည်။ သို့ရာတွင် သာမန်အားဖြင့်ဆိုလျှင် အစိုးရကသာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၁၃ အရ အရေးယူရန်ဖြစ်သည်။ နစ်နာသူသည် အစိုးရထံ လျှောက်ထားလျှင် အစိုးရက ပုဒ်မ – ၄၁၇ ဆောင်ရွက်ရန် သင့်၊ မသင့်ကို စဉ်းစားဆုံးဖြတ်မည်ဖြစ်သည်။ အချို့သောအမှုများ၌ နိုင်ငံတော်ရှေ့နေချုပ်ကပင် ထောက်ခံ၍ အစိုးရထံအယူခံဝင်ပါသည်။

ထိုသို့ မပြုလုပ်မှု၍ တိုက်ရိုက်တရားရုံးချုပ်သို့ နစ်နာသူဆိုသူတို့လာရောက်ကြလျှင် တရားသေလွှတ်မိန့်များကို ပေါ့ပေါ့လွယ်လွယ်နှင့် စောဒကတက်ဖွယ်လည်းရှိပါသည်။ တရားရုံးချုပ်သို့ မရောက်သင့်သော ပြင်ဆင်မှုလျှောက်လွှာများ အမြောက်အမြားရောက်လာခြင်းဖြင့် အခြားတာဝန်ဝတ္တရားများကို ဖိဖိစီးစီးဆောင်ရွက်ရန် ခက်ခဲဖွယ်လည်း



ရှိပါသည်။ ဤအမှုသည် အများပြည်သူနှင့် ပတ်သက်သော ပြဿနာမဟုတ်ပါ။ `အမှုသည်များ အချင်းချင်း မခံချင်စိတ်ဖြင့် အချင်းဖြစ်နေခြင်းသာဖြစ်ရာ တရားရုံးချုပ်က လက်ခံစဉ်းစားရန်သင့်သောအမှုဟုတ်၊ မဟုတ်ကို လေးနက်စွာချင့်ချိန်ရန် လိုပါသည်ဟု လျှောက်လဲတင်ပြခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားရုံးချုပ်၏ ပြင်ဆင်မှုအာဏာသည် အရေးကြီး၍ များစွာအသုံးဝင်သော အာဏာတစ်ရပ်ဖြစ်သည်။ ထိုအာဏာကို မှန်ကန်စွာသုံးစွဲခြင်းဖြင့် ကျွန်ုပ်တို့သည် တစ်နိုင်ငံလုံးတွင် တရားစီရင်ရေးကို ညှိနှိုင်းညွှန်ပြပေးနိုင်သည်။ တရားစီရင်ရေး လမ်းကြောင်းတိမ်းစောင်းလျှင် ဖေးမပြင်ဆင်ပေးနိုင်သည်။ သို့ရာတွင် ပြင်ဆင်မှုအာဏာကို အထိန်းအကွပ်မရှိ သုံးစွဲပြန်လျှင်လည်း အယူခံဝင်သင့်သော အမှုများကို အဆင့်ဆင့်အယူခံမဝင်ကြဘဲ ပြင်ဆင်မှုဖြင့် ဤရုံးသို့ လာရောက်လျှောက်ထားဖွယ်ရှိသည်။ ထိုသို့ လျှောက်ထားကြလျှင် တရားဥပဒေဖြင့် အယူခံဝင်ရန် သတ်မှတ်သော ရုံးအဆင့်ဆင့်သည် အလဟဿဖြစ်ပေလိမ့်မည်။ ထိုရုံးများကို ခရိုင်ရုံးများက ပြန်လည်ကွပ်ကဲခြင်း၊ အမှားကို ပြုပြင်ပေးခြင်း၊ စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်ရန် ခဲယဉ်းပေလိမ့်မည်ဟု ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၁၇ အရ အယူခံဝင်ရန် သင့်လျော်သော တရားသေလွှတ်မိန့်ကို နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးက လာရောက်လျှောက်ထားရုံမျှနှင့် တရားရုံးချုပ်က လွယ်လွယ်လက်ခံ၍ စဉ်းစားပေးရန်မဟုတ်ချေ။ **အီဘရာဟင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၅၃ မြန်မာနိုင်ငံစီရင်ထုံး စာ-၂၂၃ အမှုတွင် ထိုသို့ပင် စီရင်ထုံးပြုထားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်အေးပါ ၃ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၁၅၇ အမှုတွင်လည်း** ထိုကဲ့သို့ပင် မှတ်ချက်ပြု၍ လိုအပ်သောအခါ၌ ပြင်ဆင်မှုကို အယူခံမှုအဖြစ် လက်ခံကြားနာခြင်း စသည်တို့ကို ပြုနိုင်ကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အထက်စီရင်ထုံးပါ မောင်အေးတို့ အမှုတွင် တရားရုံးချုပ်သို့ပြင်ဆင်မှုကို ထောက်ခံတင်သွင်းသူမှာ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်သည်။ ဤအမှုတွင်ကား နစ်နာသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးကိုယ်တိုင်က ခရိုင်ရာဇဝတ်တရားသူကြီးရုံးသို့ ဖြစ်စေ၊ စက်ရှင်ရာဇဝတ်တရားသူကြီးရုံးသို့ ဖြစ်စေ ပြင်ဆင်မှုလျှောက်ထားခြင်းမပြုဘဲ တရားရုံးချုပ်သို့ တိုက်ရိုက် ၎င်းရုံးများကို ကျော်လွန်၍ လာရောက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ခဲ့သည်။

သာမန်အားဖြင့်ဆိုလျှင် ပြင်ဆင်မှုကို လက်ခံကြားနာရန်မဟုတ်ချေ။ သို့ရာတွင် စွဲချက်သည် အရွယ်မရောက်သေးသော မိန်းကလေးတစ်ဦးကို လှည့်ဖြားခေါ်ယူပြီး ပေါင်းသင်းသည်ဟူ၍ ဖြစ်သဖြင့် အမှုသည်များသာမက ငယ်ရွယ်သူအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဆက်စပ်နေသော ကိစ္စဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ကျယ်ပြန့်စွာစဉ်းစား၍ ကောက်ယူကြသည်။

ထို့ကြောင့် ပြင်ဆင်မှုကို လက်ခံကြားနာရန် အမှုစစ်ရုံးသည် တရားဝင်လက်ခံသင့်ပါလျက် **အရေးကြီးသော သက်သေခံအထောက်အထားများကို လက်ခံရန် ငြင်းပယ်ခဲ့သလော။ သို့မဟုတ် လက်ခံသော်လည်း သေချာစွာချိန်ဆသုံးသပ်ခြင်း ပြုရန် ပျက်ကွက်ခဲ့သလောဟူ၍** စစ်ဆေးကြည့်ရှုကြသည်။ ထိုအချက်နှင့်ပတ်သက်၍ အစိုးရရှေ့နေကြီးဦးလှသင်းက လက်ခံသင့်သော သက်သေခံချက်ကို ငြင်းပယ်ခဲ့ခြင်းလည်း မရှိ၊ လက်ခံပြီးသော သက်သေခံချက်ကို လေးနက်စွာ ချိန်ဆရန် ပျက်ကွက်ခဲ့ခြင်းလည်းမရှိ၊ တစ်ချက်စီ ကောင်းစွာစဉ်းစား၍ အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမှုစစ်တရားသူကြီး၏ ဆုံးဖြတ်ချက်ကို စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိပါဟု လျှောက်လဲတင်ပြချက်ကို စဉ်းစားချင့်ချိန်ခဲ့သည်။

လျှောက်ထားသူ၏ ရှေ့နေကြီး ဦးမြစိန်က ဆရာဝန်၏ထင်မြင်ချက်နှင့် မိန်းကလေး၏ဇာတာ အိမ်ထောင်စုစာရင်း စသည့် ခိုင်လုံသောအထောက်အထားရှိနေသည်ကိုလက်မခံဘဲ တရားသူကြီးက မိန်းကလေးသည် ၁၆ နှစ် ရှိနိုင်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် အထောက်အထားနှင့် ဆန့်ကျင်နေသည်။ ထို့ကြောင့် ပြင်ဆင်ပေးသင့်သည့်အမှုဖြစ်ပါသည်ဟု လျှောက်လဲခဲ့သည်ကိုလည်း တရားရုံးချုပ်က စိစစ်ဝေဖန်ခဲ့ပါသည်။

အမှုစစ်တရားသူကြီးသည် အသက်နှင့် ပတ်သက်သောအထောက်အထားကို တစ်ခုစီ သုံးသပ်ချိန်ဆခဲ့ပြီး ဇာတာနှင့် ပတ်သက်၍ ဇာတာတွင် အမည်မှာ မသန်းသန်းအေးဖြစ်နေခြင်း၊ ထိုဇာတာသည် မသီး၏ဇာတာပင်ဖြစ်သည်ဟု ထွက်ဆိုသော်လည်း ပြုလုပ်ပေးသူ၏ ထွက်ဆိုချက်မရှိခြင်း၊ အမြင်အားဖြင့်ဆိုလျှင် ဇာတာသည် များစွာသစ်လွင်နေခြင်း စသည်တို့ကို ထောက်ရှု၍ ဇာတာကို ယုံကြည်လက်ခံခြင်းမပြုခဲ့ခြင်းဖြစ်သည်။

ထို့အတူ အိမ်ထောင်စုစာရင်းကိုလည်း တရားသူကြီးက ကောင်းစွာသုံးသပ်၍ ထိုစာရင်းမှန်လျှင် ဇာတာပါ မွေးသက္ကရာဇ်မမှန်နိုင်။ တစ်ခုနှင့်တစ်ခုကွဲလွဲနေသည်။ ထို့ပြင် တရားလိုဘက်မှ မသီး၏ အိမ်ထောင်စုစာရင်းဖြစ်ကြောင်း အခိုင်အလုံ သက်သေထူခြင်းမရှိ။ ထို့ကြောင့် လက်ခံယုံကြည်ရန် မသင့်ဟု ဝေဖန်ဆုံးဖြတ်ခဲ့သည်။ အလားတူပင် ဆရာဝန်က မသီး၏ အသက်သည် ၁၅ နှစ်ခွဲနှင့် ၁၆ နှစ်ကြားတွင်ဖြစ်သည်ဟု ဆိုသော်လည်း ပြန်လှန်မေးခွန်းထုတ်ရာတွင် ၁၅ နှစ်ခွဲသော်လည်း ကောင်း၊ ၁၆ နှစ်သော်လည်းကောင်း ဖြစ်နိုင်သည်ဟု ထင်မြင်ကြောင်း ဖြေဆိုသည်ကို မူလရုံးတရားသူကြီးက သတိပြုမိခဲ့လေသည်။

ထို့ကြောင့် မသီး၏အသက်နှင့်ပတ်သက်၍ ၁၆ နှစ်အောက်သာဖြစ်သည်ဟူ၍ တရားလိုဘက်မှ ခိုင်ခိုင်လုံလုံသက်သေမထူနိုင်။ ၁၆ နှစ်လည်း ဖြစ်နိုင်သည်ဟူ၍ မူလရုံးတရားသူကြီးက ဆုံးဖြတ်ခြင်းဖြစ်သည်။ တင်သွင်းထားသော သက်သေခံချက်များကို လုံးဝ လျစ်လျူရှု၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မဆိုသာကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မသီးက သဘောတူ လိုက်ပါသွားခြင်းဖြစ်သည်။ ၎င်းကို သွေးဆောင်ခေါ်ယူခြင်း မဟုတ်ပါဟု မူလအမှုစစ်ရုံးက ဆုံးဖြတ်ထားခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ရှေ့မှောက်၌ လျှောက်ထားသူဘက်က စောဒကတက်ခြင်းမပြုကြောင်း၊ အထက်ပါအကြောင်းတို့ကြောင့် မူလအမှုစစ်ရုံး၏ အမိန့်ကို စွက်ဖက်ပြင်ဆင်ရန် အကြောင်းမရှိသဖြင့် ပြင်ဆင်မှုကို ပလပ်လိုက်ပါသည်။ ဤအမှုတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၁၃၊ ၄၁၇ တို့၏ ပြဋ္ဌာန်းချက်များကို ပညာပေးထားပြီး တင်သွင်းလာသော ရာဇဝတ်စောဒကမှုကို ပလပ်ရခြင်းအကြောင်းကိုပါ ညွှန်ပြထားပါသည်။ **ဦးဘမောင်နှင့် မောင်စိန်ရ မတင်လှ ၁၉၆၆ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ်-၁** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## ကသာခရိုင်တွင် ပဲပုပ် ၅၃၃၉ ကေ စိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၃၃၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ကေ ၅၂၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၃၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကသာခရိုင်မှာ ပဲပုပ် ကေ ၅၂၈၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၃၃၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄၅ ကေ၊ အင်းတော်မြို့နယ်တွင် ၂၀၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၄၆၅၅ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၁၃၄ ကေ စုစုပေါင်း ၅၃၃၉ ကေဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှသိရသည်။ (၂၀၆)

## ပန်းတနော်မြို့နယ် ကျုံပေကျေးရွာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ချောင်းကလေးကျေးရွာအုပ်စု ကျုံပေကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများက ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေးအလေးထားဆောင်ရွက်သွားကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားသည်။

ကျုံပေကျေးရွာ၌ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်းတို့ဖြင့် အရှည် ၂၃၂၃ ပေရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ယခုလပထမပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၁ အိမ်မှ လူဦးရေ၃၆၅ဦးတို့ လျှပ်စစ်မီးရရှိမည်ဖြစ်၍ လူနေမှုအဆင့်အတန်းမြင့်မားလာကာ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရံ့ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခက်မာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များအပါအဝင် ဒေသရေထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးရံ့တွေ ရန်ကုန်ဈေးကွက်ကို သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားကောင်းခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်ယူမှုများနေတာကြောင့် ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ



အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရံ့မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခက်မာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ကော့သောင်းမြို့နယ် ၁၅ မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကော့သောင်း ဖေဖော်ဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ၁၅ မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် ဝန်ထမ်းများက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ၁၅ မိုင်ကျေးရွာတွင် ရွှေ့လျားရေသန့်စင်စနစ်လုပ်ငန်း 1Unit အတွက် ငွေကျပ် ၁ ဒသမ ၀၂ သန်း၊ လက်တူးတွင်းမွမ်းမံခြင်း လုပ်ငန်းအတွက် ငွေကျပ် သုည ဒသမ ၆၈ သန်း၊ အရှည်ပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်ရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၃ ဒသမ ၃ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ၁၅ မိုင်ကျေးရွာရှိ အိမ်ခြေ ၅၉ အိမ်၊ လူဦးရေ ၃၂၅ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရရှိတော့မည်ဖြစ်ကြောင်း၊ ထို့ပြင် ရာသီမရွေး သွားလာရ လွယ်ကူလာမည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေး လုပ်ငန်းများလည်း အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

## ဇီးကုန်းမြို့နယ် စမ်းဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စမ်းဘိုကျေးရွာ၌ ၁၃ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက စမ်းဘိုကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၇၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စမ်းဘိုကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# တိုင်းပြည်စွမ်းအား တောင်သူလယ်သမားများ

စိန်ငွေလှိုင်(ပခုက္ကူ)

မြန်မာနိုင်ငံမှာ မတ်လ ၂ ရက်နေ့ကို "တောင်သူလယ်သမားနေ့"အဖြစ် သတ်မှတ်ထားပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားတွေကို အထူးအလေးထားဂုဏ်ပြုတဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ တောင်သူဆိုတာ နှမ်း၊ ပဲ၊ ပြောင်း၊ ဝါ စသည်စိုက်ပျိုးသူကို ခေါ်ဆိုပါတယ်။ လယ်သမားဆိုတာက စပါးစိုက်ပျိုးလုပ်ကိုင်သူကိုခေါ်ဆိုကြောင်း မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။ ဒါ့ကြောင့် တောင်သူလယ်သမားဆိုတာ "လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူ"လို့ သတ်မှတ်ပါတယ်။

မြန်မာနိုင်ငံမှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ရယူခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် ဧပြီ ၃၀ ရက်မှာ ထုတ်ပြန်ကြေညာခဲ့တဲ့မူဝါဒသဘောထားမှာ "တောင်သူလယ်သမားနှင့်အလုပ်သမားများ ခေါင်းပုံဖြတ်ခံဘဝမှ လွတ်မြောက် စေရန်ရည်ရွယ်၍ ဆိုရှယ်လစ်လောကသစ်ကို တောင်သူလယ်သမား၊ အလုပ်သမားအင်အားဖြင့် တည်ဆောက်မည်" လို့ပါရှိပါတယ်။ ဒီရည်ရွယ်ချက်အတိုင်း လယ်ယာလုပ်ငန်းများ အောင်မြင်ဖို့ရာ အက်ဥပဒေ၊ နည်းဥပဒေများချမှတ်ပြီး အရင်းရှင်၊ မြေရှင်စနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ ဒါ့ပြင် တောင်သူလယ်သမားများ စည်းလုံးညီညွတ်မှုရရှိစေဖို့ရာ နီးနှောဖလှယ်ပွဲတွေကို စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာမှာ ၁၉၆၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ကနေ ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ထိ ဟသ်ာတမြို့နယ် ဒူးယားကျေးရွာမှာ ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်ကနေ ဖေဖော်ဝါရီ ၁ ရက်ထိ၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမှာ ၁၉၆၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်ကနေ ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ၊ တောင်ငူမြို့နယ် ခပေါင်းကျေးရွာမှာ ၁၉၆၄ ခုနှစ် မတ် ၂ ရက်ကနေ ၆ ရက်ထိ ကျင်းပခဲ့ပါတယ်။ တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစတင်ပြီး နှစ်စဉ် ဇန်နဝါရီ ၁ ရက်မှာ ကျင်းပခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်၊ ၁၉၆၆ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၆၈ခုနှစ်တို့မှာ တောင်သူလယ်သမားနေ့ကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာကျင်းပခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာ ပြုလုပ်တဲ့ နီးနှောဖလှယ်ပွဲမှ ကိုယ်စားလှယ်များက "ဇန်နဝါရီလမှာ တောင်သူများ လယ်ယာရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေခြင်းကြောင့် တော်လှန်ရေးကောင်စီ စတင်အုပ်ချုပ်ခဲ့သည့် မတ် ၂ ရက်ကို ပြောင်းလဲသင့်ကြောင်း" တင်ပြခဲ့ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားနေ့ကို မတ် ၂ ရက်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ခေတ်အဆက်ဆက်မှ ယနေ့ထိတိုင် တောင်သူလယ်သမားနေ့အခမ်းအနားကို နိုင်ငံတော်အစိုးရများကဦးဆောင်ပြီး တစ်ပြိုင်နက်တည်း ကျင်းပလျက်ရှိပါတယ်။

ကိုလိုခေတ်မှာ တောင်သူလယ်သမားတွေရဲ့ ဘဝဟာဆင်းရဲနိမ့်ကျခဲ့ရပါတယ်။ အင်္ဂလိပ်အစိုးရဟာ အောက်မြန်မာနိုင်ငံမှ ဆန်ကို ပြည်ပသို့တင်ပို့ဖို့ရာ စပါးစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့ပါတယ်။ ၁၈၈၆ ခုနှစ်မှာ မြေခွန်တော်လက်စွဲဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေအရ ဂရန်မြေ(အပိုင်စာချုပ်)၊ အငှားစာချုပ်၊ ယာယီလုပ်ခွင့်ရမြေ၊ နယ်သစ်ဖွင့်ဒေသမြေဆိုကာ မြေအမျိုးအစားများ ပေါ်ပေါက်လာကာ လယ်ယာစိုက်ပျိုးသူများပြားလာပါတယ်။ ဒေသခံတောင်သူလယ်သမားတွေဟာ လုပ်ငန်းမကျွမ်းကျင်မှု၊ အရင်းအနှီးမရှိမှု၊ စိုက်ပျိုးရေးပညာအားနည်းမှု၊ နယ်ချဲ့တို့ရဲ့ ခေါင်းပုံဖြတ်အမြတ်သွေးစုတ်မှုတို့ကြောင့် ဆင်းရဲမွဲတေခဲ့ရပါတယ်။

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ပေါ်တဲ့အခါ မြန်မာ့လယ်သမားတွေဟာ လယ်ယာမဲ့ဘဝကို ရောက်ရှိသွားကြပါတယ်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလမှာ "တောင်သူလယ်သမားအရေးတော်ပုံကြီး" ပေါ်ပေါက်ပါတယ်။ ဒီအရေးတော်ပုံမှာ သတ္တိပြောင်မြောက်တဲ့ တောင်သူလယ်သမားခေါင်းဆောင်တစ်ယောက် ပေါ်ထွန်းခဲ့ဖူးပါတယ်။ ထိုသူမှာ




"သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့"ခံ ဆရာစံဖြစ်ပါတယ်။ ဆရာစံဟာ နယ်ချဲ့တော်လှန်ရေးမှာ လက်နက်ကိုင်လမ်းစဉ်ကိုလုပ်ဆောင်ပါတယ်။ သာယာဝတီနယ်ကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းရှိ လယ်သမားတွေပါဝင်တဲ့ ဂဠုန်တပ်တွေကို ဖွဲ့စည်းခဲ့ပါတယ်။ ဂဠုန်တပ်တွေဟာ လူအင်အားကောင်းပေမဲ့ လက်နက်အင်အားမှာ အလွန်ချို့တဲ့ခဲ့ပါတယ်။ ခေတ်မီလက်နက်ဆိုတာက ပြည်တွင်းဖြစ်သေနတ်အလက် ၃၀ လောက်သာရှိခဲ့ပါတယ်။ ကျန်လက်နက်တွေမှာ ဓား၊ လှံ၊ ဝါးချွန်၊ ဒူးလေး၊ ကောက်စွ၊ ဝါးရင်းတုတ်တို့သာဖြစ်ပါတယ်။ အင်္ဂလိပ်ကို တိုက်ခိုက်ဖို့ မလွယ်ကြောင်း နားလည်ခဲ့ကြပါတယ်။ ဒါပေမဲ့ စီးပွားရေးကျပ်တည်းမှုနဲ့ အင်္ဂလိပ်အစိုးရရဲ့အမျိုးမျိုးညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို မခံမရပ်နိုင်ဖြစ်ခဲ့ကြပါတယ်။ ဆင်းရဲတော်ပြတ်ကာ နေရခြင်းထက် နယ်ချဲ့ကိုတွန်းလှန်တိုက်ခိုက်ပြီး ဂုဏ်သိက္ခာရှိရှိသေရခြင်းက မြတ်မယ်လို့ခံယူခဲ့တဲ့ တောင်သူလယ်သမားတို့ရဲ့စိတ်ဓာတ်နဲ့လုပ်ရပ်မှာ လေးစားဂုဏ်ယူဖွယ်ရာကောင်းလှပါတယ်။

တောင်သူလယ်သမားတွေကို ကျေးဇူးရှင်ဦးကြီးများလို့ခေါ်ဆိုထိုက်ပါတယ်။ ပြည်သူပြည်သားတွေမှာ ဆန်စပါးကို ဝမ်းစာထမင်းအဖြစ် စားသုံးကြပြီး ဆန်စပါးများ ပေါ်ပေါက်လာအောင် တောင်သူလယ်သမားတွေက လုပ်ဆောင်ပေးတာကြောင့်ဖြစ်ပါတယ်။ တောင်သူလယ်သမားတို့ဟာ ပုဂံခေတ်ကတည်းက လယ်ယာစိုက်ပျိုးရေးကို လုပ်ဆောင်ခဲ့ကြပါတယ်။ ကျောက်ဆည်နယ်မှာ တူးမြောင်းတွေကိုဆည်ဖို့ခဲ့ပြီး မြစ်ငယ်မြစ်၊ ပန်းလောင်မြစ်နဲ့ စမုန်မြစ်တို့က ရေနဲ့စပါး၊ ကောက်ပဲသီးနှံတို့ စိုက်ပျိုးခဲ့ကြပါတယ်။ ကျောက်ဆည်နယ်ကို လယ်တွင်းကိုးခရိုင်လို့ သတ်မှတ်ကာ စောလုမြို့၊ ပင်လယ်မြို့၊ မြစ်သားမြို့၊ ပျဉ်းမနားမြို့၊ မြောင်လှမြို့၊ မြင်းခုံတိုင်မြို့၊ မက္ခရာမြို့၊ ပေါက်မြိုင်မြို့နဲ့ မြင်းစိုင်းမြို့နယ်တွေမှာ စပါးစိုက်ပျိုးခဲ့ကြပါတယ်။ ကျောက်ဆည်ခရိုင်က တောင်သူလယ်သမားတွေဟာ လယ်ယာစိုက်ပျိုးမှုကို ကောင်းစွာလုပ်ဆောင်ခဲ့တာကြောင့် ရှေးခေတ်ပုဂံပြည်ရဲ့စားရေရိက္ခာသိုမှီးရာ စပါးကျီတစ်ခုပမာဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွေမှာနေထိုင်ကြပြီး လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြကာ အမိတိုင်းပြည်အတွက် အရေးပါသူများဖြစ်ကြပါတယ်။ တစ်နည်းဆိုရရင် ပြည်သူတွေရဲ့ စားရေရိက္ခာဖူလုံစေရေးကို အဓိကဆောင်ရွက်ပေးနေကြသူတွေဖြစ်ကြပါတယ်။ ဒါ့ကြောင့် တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ယနေ့ကာလမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်ကိုချမှတ်ထားပါတယ်။ ဒီဦးတည်ချက်များအနက် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍတွေကိုလဲ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး"လို့ ဖော်ပြထားပါတယ်။ ဒီအချက်နဲ့အညီ တောင်သူလယ်သမားတွေရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုပဓာနကျတဲ့ တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် ပြည်ပပို့ကုန်ပိုမိုတင်ပို့နိုင်ရေးအတွက် ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈- ၂၀၃၀ ပြည့်နှစ်)ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါတယ်။

တောင်သူလယ်သမားတွေအတွက် ရေလိုအပ်ချက်နည်းတဲ့ သီးနှံ၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံနိုင်တဲ့ သီးနှံတွေ စိုက်ပျိုးရေး၊ ရောဂါပိုးမွှားဒဏ်ခံနိုင်တဲ့ သီးနှံမျိုးတွေ စိုက်ပျိုးရေး၊ ဒေသနဲ့ကိုက်ညီတဲ့သီးနှံတွေ စိုက်ပျိုးရေး၊ ခေတ်မီရေသွင်းစနစ်နဲ့ အသုံးပြုစိုက်ပျိုးရေးတို့ကိုနိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့ပြင် စက်မှုလယ်ယာသို့ကူးပြောင်းနိုင်စေဖို့ အဆင့်မြင့်လယ်ယာကွက်နဲ့ ရေသွင်းရေထုတ်မြောင်းတွေ ဖော်ထုတ်ပေးပါတယ်။ အပူပိုင်းဇုန်ဒေသတွေမှာ နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းကို လုပ်ဆောင်ပေးပါတယ်။ ရေစုကန်၊ ကန်ရေလှောင်ကန်တွေကိုလဲ တည်ဆောက်ပေးပါတယ်။ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ နှစ်စဉ် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကိုလဲ သတ်မှတ်ပေးပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေကိုတောင်သူများက သင့်လျော်တဲ့ဈေးနှုန်းနဲ့ အရစ်ကျဝယ်ယူနိုင်ဖို့ စီစဉ်ပေးပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကိုလဲ ထုတ်ချေးပေးပြီး SMEs လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့ပြင် ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းတွေထိခိုက်မှုကုစားရေးနဲ့ ရင်းနှီးမြှုပ်နှံနိုင်ဖို့ရာ စိုက်ပျိုးစရိတ်ချေးငွေ ၁၉၂၆ ဒသမ ၆၁ ဘီလီယံကျပ်၊ JICA နဲ့ မြန်မာ့စီးပွားရေးဘဏ်တို့ရဲ့ နှစ်ဆင့်ချေးငွေ(TwoStepLoan) ၁၈၂ ဒသမ ၁၉ ဘီလီယံကျပ်၊ ကိုဗစ် ၁၉ အထူးချေးငွေ ၄၂၁ ဒသမ ၂၉ ဘီလီယံကျပ် စုစုပေါင်း ၂၅၃၀ ဒသမ ၀၉ ဘီလီယံကျပ်ကို ၂၀၂၂ ခုနှစ်အတွင်းမှာ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ သိပ္ပံနည်းကျစိုက်နည်းဖြစ်တဲ့ တစ်ကွင်းတစ်စပ်တည်း မိုးစပါးဧက ၁၀၀ စံပြစိုက်ကွက်တွေ စိုက်ပျိုးခြင်းစီမံကိန်းကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုမှာ ဧက ၁၆၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်ဧက စပါးပျမ်းမျှအထွက်နှုန်း ၁၁၅ ဒသမ ၇၆ တင်းထွက်ရှိခဲ့ရာ အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တောင်သူလယ်သမားတွေရဲ့လူမှုစီးပွားမှာတိုးတက်လာပြီး နိုင်ငံတော်အတွက်မှာလဲ အကျိုးဖြစ်ထွန်းလျက်ရှိပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မြန်မာ့တောင်သူလယ်သမားတို့ဟာ ပုဂံခေတ်ကတည်းက တိုင်းပြည်အတွက် စားရေရိက္ခာပေးဆောင်ကြပါတယ်။ ကိုလိုနီခေတ်နယ်ချဲ့တော်လှန်ရေးမှာ တတ်စွမ်းသရွေ့ ပါဝင်ခဲ့ကြပါတယ်။ နိုင်ငံတော်အတွက် လိုအပ်တဲ့လယ်ယာထွက်ကုန်တွေကို အရှိန်အဟုန်မပျက် ထုတ်လုပ်ပေးနေကြပါတယ်။ ဒါကြောင့် အခြေခံကျတဲ့ စိုက်ပျိုးရေးစွမ်းအားရှင်တောင်သူလယ်သမားတို့မှာ "တိုင်းပြည်စွမ်းအား တောင်သူလယ်သမားများ"ပင် ဖြစ်ကြပါကြောင်း ရေးသားလိုက်ပါတယ်။

**ကိုးကား**

**- ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာများ။**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရှိတ်ဟာဆီနာလွှဲပြောင်းပေးရေးနှင့် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေးအလားအလာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရှိတ်ဟာဆီနာကို ပြန်လည်လွှဲပြောင်းပေးရေးပန်ကြားချက်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းကတည်းက နှုတ်ဖြင့်ပြောဆိုထားပြီး လိုအပ်သောအထောက်အထား စာရွက်စာတမ်းများကို အိန္ဒိယနိုင်ငံသို့ ပေးပို့ထားသော်လည်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ပန်ကြားချက်ကို လက်ခံရရှိကြောင်း အသိအမှတ်ပြုထားသော်လည်း သဘောထားမှတ်ချက်တစ်စုံတစ်ရာ မပေးဘဲ နေလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ရာဖီကွီအလမ်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော တရားခံလွှဲပြောင်းရေးစာချုပ်အရ ရှိတ်ဟာဆီနာကို ပြန်လည်လွှဲပြောင်းပေးရန် တရားဝင်ကြိုးပမ်းလျက်ရှိသည်။ တရားခံပြန်လည်လွှဲပြောင်းမှုလုပ်ငန်းစဉ် မြန်ဆန်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် စာချုပ်ကို ပြင်ဆင်ခဲ့သော်လည်း ပထဝီနိုင်ငံရေးနှင့် သံခင်းတမန်ခင်းဆိုင်ရာ ရိုက်ခတ်မှုများသည် သိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်။ အိန္ဒိယအနေဖြင့် ရှိတ်ဟာဆီနာကို ပြန်လည်လွှဲပြောင်းပေးရန် သဘောတူညီခဲ့မည်ဆိုလျှင် အိန္ဒိယ- ဘင်္ဂလားဒေ့ရှ်တရားခံလွှဲပြောင်းမှုစာချုပ်နှင့် နိုင်ငံတကာသံခင်းတမန်ခင်းဆိုင်ရာ ကျင့်ထုံးများအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

တရားခံလွှဲပြောင်းမှုလက်တွေ့လုပ်ငန်းစဉ်များကို တရားခံလွှဲပြောင်းရေးစာချုပ်အတိုင်း ဆောင်ရွက်နေစဉ်မှာပင် နိုင်ငံရေး၊ သံခင်းတမန်ခင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများသည် သိမ်မွေ့နက်နဲပြီး အထိအခိုက်မခံသော ပြဿနာများဖြစ်လာမည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ်ရှိ ရာဂျစ်ဂန္ဒီအမျိုးသားဥပဒေတက္ကသိုလ်၌ လက်ထောက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသူ ဥပဒေပညာရှင် ဒေါက်တာဆန်ဂီတာတတ်ခ်က ပြောကြားသွားခဲ့သည်။

ဒေါက်တာတတ်ခ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရှိတ်ဟာဆီနာကို လွှဲပြောင်းပေးရန် အိန္ဒိယနိုင်ငံသို့ တရားဝင်ပန်ကြားချက်ပေးပို့ခဲ့ကြောင်း၊ ၎င်းပန်ကြားစာသည် ရှိတ်ဟာဆီနာအပေါ် စွဲချက်များကို အသေးစိတ်ဖော်ပြထားရမည်ဖြစ်ကြောင်း၊ တရားဥပဒေကြောင်းဆိုင်ရာအမိန့်များ၊ ဖမ်းဝရမ်းများနှင့် အခြားသော သက်သေခံပစ္စည်းများအပါအဝင် အထောက်အကူပြုစာရွက်စာတမ်းများ ပါဝင်ရမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားစီရင်ရေးလုပ်ငန်းများသည် တရားမျှတမှုရှိပြီး ဘက်လိုက်ဆောင်ရွက်မှုမရှိကြောင်း အတည်ပြုချက်လည်း ပန်ကြားချက်၌ ပါဝင်ရမည်ဖြစ်ကြောင်း အလေးထားပြောကြားသွားခဲ့သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် တရားခံလွှဲပြောင်းပေးရန် ပန်ကြားချက်သည် ရှိတ်ဟာဆီနာကို ပြစ်မှုစွဲချက်များအပြင် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် စစ်ဆေးသွားမည်မဟုတ်ကြောင်း အာမခံချက်ပေးရမည်ဖြစ်သလို အိန္ဒိယနိုင်ငံအနေဖြင့်လည်း ပြန်လည်လွှဲပြောင်းပေးရန်မစဉ်းစားမီ အတည်ပြုသွားရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေ လတ်တလောအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အဆိုပါလိုလားချက်များ ဖြည့်ဆည်းထားပြီးဖြစ်သည့်အတွက် မည်သို့ဆက်ဖြစ်လာမလဲဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

တရားဝင်ပန်ကြားချက်ကို အတိအလင်းတိုင်ချက်ဖွင့်လိုက်ပြီဆိုလျှင် အိန္ဒိယအာဏာပိုင်များ၊ အထူးသဖြင့် ပြည်ပရေးရာဝန်ကြီးဌာန(MEA)နှင့် ပြည်ထဲရေးဝန်ကြီးဌာန(MHA)တို့သည် တရားခံလွှဲပြောင်းပေးရေး သဘောတူညီချက်စာချုပ်ပါ တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စေ့စပ်သေချာစွာစိစစ်သွားရန် လိုအပ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားပြီးဖြစ်သောကြောင့် အိန္ဒိယအစိုးရအနေဖြင့် တရားခံလွှဲပြောင်းရေးစာချုပ်သည် သဘောတူညီချက်ပါအတိုင်း ကျိုးကြောင်းဆီလျော်ပြည့်စုံမှု ရှိ၊ မရှိ လေ့လာသုံးသပ်အတည်ပြုသွားလိမ့်မည် ဖြစ်ကြောင်း ဒေါက်တာတတ်ခ်က ပြောကြားသွားခဲ့သည်။




လေ့လာသုံးသပ်မှုလုပ်ငန်းစဉ်တွင် ရှိတ်ဟာဆီနာအပေါ်စွဲချက်များသည် နှစ်နိုင်ငံစလုံးတွင် ရာဇဝတ်မှုချိုးဖောက်မှုများအဖြစ် တရားဥပဒေကြောင်းအရ အသိအမှတ်ပြုနိုင်သလားဆိုသောအချက်ကို ဆုံးဖြတ်ခြင်းတို့ပါဝင်ကြောင်း၊ အိန္ဒိယနိုင်ငံ အာဏာပိုင်များအနေဖြင့် စွဲချက်များသည် နိုင်ငံရေး၊ စစ်ရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ချိုးဖောက်မှုများအတွက် လွှတ်ငြိမ်းချမ်းသာခွင့်များအောက်တွင် ကျရောက်နေသလားဆိုသော အချက်ကိုလည်း စစ်ဆေးသွားမည်ဖြစ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်သည် တရားခံလွှဲပြောင်းပေးရေးပန်ကြားချက်ကို ပယ်ချရေးအတွက် ခိုင်မာသောအချက်အလက်များကို အထောက်အကူပြုသွားလိမ့်မည်ဖြစ်သည်။

စီမံခန့်ခွဲမှုဆိုင်ရာ ကနဦးသုံးသပ်ချက်များသည် အလားအလာကောင်းနေသည့်တိုင်အောင် တရားခံလွှဲပြောင်းရေးပြဿနာသည် အပြီးသတ်ဦးမည်မဟုတ်ပေ။ တရားခံလွှဲပြောင်းပေးရေးပန်ကြားချက်ကို အိန္ဒိယနိုင်ငံတွင် တရားစီရင်ရေးဆိုင်ရာ သုံးသပ်ချက်များလုပ်ဆောင်သွားမည်ဖြစ်ပြီး တရားခံလွှဲပြောင်းရေးဆိုင်ရာ အထူးတရားရုံးသည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာအတွင်းမှ စစ်ဆေးအတည်ပြုသွားမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် တရားခံလွှဲပြောင်းမှုကိုလည်း တရားရေးဆိုင်ရာသုံးသပ်ချက်များ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် တရားခံလွှဲပြောင်းရေးအတွက်ဖွဲ့စည်းထားသော အထူးတရားရုံးသည် တရားခံလွှဲပြောင်းပေးရေးပန်ကြားချက်ကို ဥပဒေနှင့်ညီညွတ်မှု ရှိ၊မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ တရားရုံးအနေဖြင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုမှု၊ ခြိမ်းခြောက်မှုများကို တွေ့ရှိလျှင် တရားခံလွှဲပြောင်းမှုကို တားမြစ်သွားမည်ဖြစ်သည်။

တရားဥပဒေကြောင်းအရ အကာအကွယ်ပေးထားခြင်းသည် နိုင်ငံရေးဒဏ်ခတ်မှုအတွက် တရားခံလွှဲပြောင်းရေးဥပဒေများကို အလွဲသုံးစားပြုမှုမှ ကာကွယ်ရာတွင် အရေးပါလျက်ရှိသည့်အတွက် ရှိတ်ဟာဆီနာကို လွှဲပြောင်းပေးအပ်ရန်ဆုံးဖြတ်ချက်မှန်သမျှသည် တရားဥပဒေနှင့်အညီဖြစ်စေမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ တရားရုံးများနှင့် အုပ်ချုပ်ရေးအဖွဲ့တို့သည် တရားခံလွှဲပြောင်းပေးသွားရန် ဆုံးဖြတ်ခဲ့မည်ဆိုလျှင် နောက်တစ်ဆင့်သည် ဒေသဆိုင်ရာရဲတပ်ဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဗဟိုအေဂျင်စီများဖြစ်သည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဖမ်းဝရမ်းထုတ်ပြန်သွားလိမ့်မည်ဖြစ်သည်။

ထိုသို့ ဖမ်းဆီးပြီးနောက် ပြန်လည်လွှဲပြောင်းရေး လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်နေသည့်အချိန်တွင် ရှိတ်ဟာဆီနာကို ဘေးကင်းလုံခြုံသည့်နေရာတွင် ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်း၊ လွှဲပြောင်းရေး လုပ်ငန်းစဉ်များဆောင်ရွက်နေချိန်တွင် ရှိတ်ဟာဆီနာကိုထိန်းသိမ်းထားရှိရန် တရားဥပဒေက ခွင့်ပြုထားကြောင်း၊ ရှိတ်ဟာဆီနာ၏ ထင်ပေါ်ကျော်ကြားမှုနှင့် ပြည်သူလူထုစိတ်ဝင်စားမှုမြင့်မားသောကြောင့် ၎င်းကို ထိန်းသိမ်းထားရှိရာတွင် ဟန့်တားနှောင့်ယှက်မှု သို့မဟုတ် လွတ်မြောက်ရန် ကြိုးပမ်းမှုများမှ ကာကွယ်သွားရန် လုံခြုံရေးအစီအမံများကို ခြွင်းချက်မရှိ စီမံထားရှိရမည်ဖြစ်သည်။

တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ်တွင် နောက်ဆုံးအဆင့်သည် ရှိတ်ဟာဆီနာကို အိန္ဒိယနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းအဆင့်သည် အစိုးရနှစ်ရပ်ကြား စေ့စပ်သေချာသောပူးပေါင်းကြိုးပမ်းမှုများလိုအပ်မည်ဖြစ်ကြောင်း၊ တရားဥပဒေနှင့် သံခင်းတမန်ခင်းဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ရှိတ်ဟာဆီနာကို အိန္ဒိယနိုင်ငံတွင် ထိန်းသိမ်းထားရှိရာမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်ပြီးဆုံးလိမ့်မည်ဖြစ်ကြောင်း၊ နှစ်ဖက်စလုံးမှ သဘောတူညီချက်အတိုင်း လွှဲပြောင်းပေးမှုလုပ်ငန်းကို နိုင်ငံတကာနယ်စပ် သို့မဟုတ် လေဆိပ်၌ ပြုလုပ်သွားလိမ့်မည်ဖြစ်ကြောင်း ဒေါက်တာတတ်ခ်က ပြောကြားသွားခဲ့သည်။

လွှဲပြောင်းပေးမှုလုပ်ငန်းလက်တွေ့လုပ်ဆောင်ရာ၌ အိန္ဒိယနိုင်ငံတကာလေဆိပ်မှ ထွက်ခွာလာသော အစိုးရစင်းလုံးငှားလေယာဉ်သည် ဒါကာလေဆိပ်၌ ဆင်းသက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းမရှိလျှင် Petrapole– Benapole စစ်ဆေးရေးဂိတ်ကဲ့သို့သော သတ်မှတ်ထားသည့် နယ်စပ်ဖြတ်ကျော်ဂိတ်၌ လွှဲပြောင်းပေးအပ်သွားဖွယ်ရာရှိနေသည်။ သို့သော် ဝန်ကြီးချုပ်ဟောင်း ရှိတ်ဟာဆီနာ လွှဲပြောင်းပေးရေးအစီအစဉ်သည် နိုင်ငံရေးအရ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်နိုင်သည့်အတွက်လက်ရှိအချိန်ထိ တရားဥပဒေကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ချပြဆောင်ရွက်ခြင်း မရှိသေးပေ။

နိုင်ငံရေးခေါင်းဆောင်များသည် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကာကွယ်စောင့်ရှောက်ခွင့်များ ရရှိခံစားခွင့်ရှိသောကြောင့် လွှဲပြောင်းမှုလုပ်ငန်းစဉ်သည် ပိုမိုသိမ်မွေ့ရှုပ်ထွေးလျက်ရှိကြောင်း၊ လူ့အခွင့်အရေးအဖွဲ့များက ရှိတ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရားမျှတမှုမရှိသော ပြုမူဆောင်ရွက်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု ပြောဆိုကာ ဝင်ရောက်ဆောင်ရွက်လာဖွယ်ရာရှိကြောင်း၊ ထိုသို့ လုပ်ဆောင်လာမည်ဆိုလျှင် နိုင်ငံတကာတရားဥပဒေအပေါ် စိန်ခေါ်မှုများဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် လူ့အခွင့်အရေးအဖွဲ့များ၏ ဝင်ရောက်စွက်ဖက်မှုများသည် တရားခံလွှဲပြောင်းမှုလုပ်ငန်းစဉ်များကို ပိုမိုသိမ်မွေ့ရှုပ်ထွေးလာနိုင်သည့်အတွက် အိန္ဒိယနိုင်ငံကို လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု အာမခံချက်ပေးရန် ဖိအားဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရှိတ်ဟာဆီနာကိုယ်တိုင်ပင်လျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများရှိနေကြောင်း အခိုင်အမာပြောဆိုကာ အိန္ဒိယနိုင်ငံ၌ နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားနိုင်သောကြောင့် တရားခံလွှဲပြောင်းရေးလုပ်ငန်းစဉ်သည် ပိုမိုသိမ်မွေ့ရှုပ်ထွေးလာနိုင်ကြောင်း၊ တရားဥပဒေကြောင်းဆိုင်ရာ သိမ်မွေ့နက်နဲမှုများအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပန်ကြားချက်အတိုင်း လိုက်ပါဆောင်ရွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်းလုပ်ဆောင်သွားမလားဆိုသော အိန္ဒိယနိုင်ငံ၏ အပြီးသတ်ဆုံးဖြတ်ချက်သည် ကြီးမားကျယ်ပြန့်သောအကျိုးဆက်များရှိလာမည်မှာ အသေအချာပင် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပန်ကြားချက်ကို သဘောတူညီခြင်းသည် နိုင်ငံရေးဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုများအပေါ် စိုးရိမ်ပူပန်လျက်ရှိသည့် အခြားသောနိုင်ငံများနှင့် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းဆက်ဆံရေးကို အတားအဆီးဖြစ်လာနိုင်သောကြောင့် ရှိတ်ဟာဆီနာ၏လွှဲပြောင်းမှုလုပ်ငန်းစဉ်သည် စတင်အကောင်အထည်ပေါ်လာဖွယ်ရာမရှိသေးပေ။

သို့သော် ရိုးရိုးစင်းစင်းငြင်းဆန်ခြင်းသည်လည်း မျှော်မှန်းထားသည်ထက် ပြဿနာပိုမိုကြီးထွားလာနိုင်ပေသည်။ အထူးသဖြင့် ကုလသမဂ္ဂက ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့သောဆူပူအုံကြွမှုများနှင့်စပ်လျဉ်း၍ ရှိတ်ဟာဆီနာနှင့် သူ၏ပါတီခေါင်းဆောင်များအပြင် တရားဥပဒေစိုးမိုးရေးအေဂျင်စီများသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့ကြောင်း အစီရင်ခံစာထုတ်ပြန်ထားရှိသည်။

ထို့ကြောင့် ရှိတ်ဟာဆီနာကို လွှဲပြောင်းပေးရေး ပန်ကြားချက်ကို သဘောတူညီခြင်းနှင့် ငြင်းဆိုခြင်း လုပ်ငန်းနှစ်ခုစလုံးသည် အိန္ဒိယနိုင်ငံအတွက် အကျိုးဆက်များ သယ်ဆောင်လာစေမည်ဖြစ်သည်။ ထို့ကြောင့် ရှိတ်ဟာဆီနာကို ပြန်လည်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရေငုံနှုတ်ပိတ် စောင့်ကြည့်ခြင်းသည် အိန္ဒိယနိုင်ငံအတွက် အကောင်းဆုံးသော ရွေးချယ်ရန်အခွင့်အလမ်းတစ်ခုပင် ဖြစ်ပေသည်။

**ကိုးကား**

- The Complex Road to Extradition: Will India Agree to Send Sheikh Hasina Back to Bangladesh? by the Diplomat.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မြောင်းမြခရိုင်တွင် စပါးကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၉၆ ဒသ ၈၇ တင်းထွက်ရှိ



**မြောင်းမြ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၅၂၁၉၆၄ ဧက အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၆ ဒသမ ၈၇ တင်းထွက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီကစပါး ၅၂၁၉၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာယနေ့တွင် စပါး၅၂၁၉၆၄ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''မြောင်းမြခရိုင်မှာ စပါး ၅၂၁၉၆၄ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။စိုက်ပျိုးခဲ့တဲ့ မိုးစပါးတွေကို လက်ရှိအချိန်မှာတော့ အားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မိုးစပါးတွေ စိုက်ပျိုးရာသီမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ် ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ် ''ဟုမြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ရိတ်သိမ်းခဲ့သည့် မိုးစပါးတစ်ဧက လျှင် ၉၆ ဒသမ ၈၇ တင်းထိ ထွက်ရှိကြောင်း၊ အဆိုပါ မိုးသီးနှံရာသီက စပါးများ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်စေရန်၊ ရာနှုန်းပြည့်ရိတ်သိမ်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနဲ့အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနများကပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ကမြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသား များက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စံဖရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဒုတိယအကြိမ်အဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၃၄၂ သိန်း ထုတ်ချေး ပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ဆက်လက် ပြောပြ၍ သိရသည်။

**ကိုသက်**















## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် ၃၃-၈/၂၊ (ဆ)ရပ်ကွက်၊ ၆၀-(A) လမ်း၊ ၁၂၉ x ၁၃၀ လမ်းကြားနေ ဒေါ်သီတာအောင် (ဘ) ဦးရန်ပြေ (၉/စကတ(နိုင်)၀၂၀၇၇၀)မှ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီတာအောင်မှ ဦးသော်ယု (ခ) ဦးသောင်းကြိုင်နှင့် ဒေါ်နွဲ့နွဲ့ဝင်း (ခ) ဒေါ်မြင့်မြင့်စိန် တို့အပေါ် မဟာအောင်မြေခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်-၂၆/၂၀၂၂(ယခင်မန္တလေးခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ်-၁၈၈/၂၀၁၄)ဖြင့် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်း ခွဲဝေပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ မဟာအောင်မြေခရိုင် တရားရုံးတော်မှ (၂၀-၁၂-၂၀၂၄) နေ့တွင် အပြီးသတ် ဒီကရီချမှတ်ခဲ့သည်မှာ

(က) ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၁၄၊ ဦးပိုင်အမှတ်(၈-ခ)၊ တောင်မြောက်(၁၅)ပေ၊ အရှေ့အနောက်(၄၀)ပေ၊၅၉ လမ်း၊အရှေ့ဘက် အင်းခရုဘုရားအရှေ့ဘက်ရှိမြေကွက်။

(ခ) ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၃၇၊ ၁၇/ဃ(၅၅) B လမ်း၊ ၁၁၇ x ၁၁၈ လမ်းကြား၊ သင်ပန်းကုန်းပတ်ဝန်းကျင်မြေ ၁၅ x ၄၀ ပေ၊ မြေစိုက်သွပ်မိုး၊ ထရံကာ၊ တစ်ခန်း ပတ်လည် ရေ+မီးတို့ပါရှိ အဆောက်အဦး။

(ဂ) ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၃၇၊ ၁၈/က(၁၅x၄၀)ပေ မြေကွက်။

(ဃ) ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၃၇၊ ၁၈/ဃ(၁၅x၄၀)ပေ မြေစိုက်အိမ်၊ သွပ်မိုးထရံကာ ရေမီးပါ မြေစိုက်နှစ်ခန်း ပတ်လည်အဆောက်အဦးပါမြေကွက်။

(င) ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၆၀၊ ၁၂၉x၁၃၀ ကြား၊ (ဆ)ရပ်ကွက်၊ (၃၃-၈/၂)ပေ (၃၀x၄၀)အရှေ့ပိုင်း၊ (၃၂)ပေ၊ (၃၀)ပေ၊ ထရံကာသွပ်မိုး၊ အနောက်(၈)ပေ၊ ပေ(၃၀)၊ အိမ်သာ (၃)လုံး အာစီတစ်ထပ်။

(စ) ဈေးဆိုင်လုပ်ငန်း ဗီဒို(၉)လုံးတို့အား ဒေါ်သီတာအောင်သို့ (၃)ပုံ(၁)ပုံ ခွဲဝေပေးရန် အမိန့်ချမှတ်ခဲ့ပါသည်။

ဒေါ်သီတာအောင်နှင့် ဦးသော်ယု၊ ဒေါ်နွဲ့နွဲ့ဝင်းတို့မှာ ရုံးတော်မှ အမိန့်ချထားသည့်အတိုင်း ခွဲဝေရယူရခြင်းမရှိသေးပါ။ အထက်ပါ စဉ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) မြေကွက်များကို ဒေါ်သီတာအောင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာအောင် (ဘ) ဦးရန်ပြေ
၉/စကတ(နိုင်)၀၂၀၇၇၀
၃၃-၈/၂။ (ဆ)ရပ်ကွက်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

## အသိပေးကြေညာခြင်း

မိုးကုတ်မြို့၊ စစ်တန်းရပ်နေ ဦးကျော်ဖူချွဲ၏သား ဦးကျော်ဟွ၏ ယခင်နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ (၁၃/ကခန(နိုင်)၀၇၁၅၈၆)ဖြစ်ပြီး ယခုအသစ်ထုတ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ(၉/မကန(နိုင်) ၁၉၈၄၅၄) ဖြစ်ပါကြောင်း။ ဦးကျော်ဟွ(၉/မကန(နိုင်)၁၉၈၄၅၄)







**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ GDPတွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDPသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့



နေပြည်တော် ဖေဖော်ဝါရီ ၂၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Parkနယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၈ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

**ထူးခြားသည့် ည အပူချိန်များ** (၂၅-၂-၂၀၂၅)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | လွိုင်လင် | ၁၀ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော | ၁၁ | ဒသမ | ၀ ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၁၁ | ဒသမ | ၀ ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၁၂ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မိုးညှင်း | ၁၂ | ဒသမ | ၆ ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

